# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၃၅)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့် ဇနီးများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၅**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင်ကျရောက်သည့် ကဆုန်ညောင်ရေသွန်း ပွဲတော်တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားအား ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး


*စာမျက်နှာ ၃ ကော်လံ ၁* ✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်စဉ်။

**ကံကံ၏အကျိုးကို မမြင်သူ အကြမ်းဖက်ဝါဒီတွေ...**


စာ-၆


**ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှု**


စာ-၂၂




**ဂျပန်နိုင်ငံရှိ ကုန်တိုက်ကြီးများ ဆက်လက်ရပ်တည်နိုင်ရေး ရုန်းကန်နေရ**


စာ-၁၂


**သတင်းအချက်အလက်မှန်တွေနဲ့ ဖွဲ့စည်းထားတဲ့ အကျိုးအကြောင်း အဆိုးအကောင်း စာအုပ်အပေါ် လေ့လာခြင်း**


စာ-၂၀




မြန်မာ့အလင်း

## ကွန်ရက်ပေါ်မှ အဖျက်အမှောင့်

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု မြန်မာနိုင်ငံအတွင်း၌ အရှိန်မြင့်တက်လာသည့်အချိန်၊ ဗိုင်းရပ်စ်ပိုး ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်များအလိုက် အသွားအလာများ အကန့်အသတ်ပြုလုပ်ခဲ့ရသည့်အချိန်မှစ၍ ပြည်တွင်းရှိ သတင်းမီဒီယာများ လုပ်ငန်းခွင်လည်ပတ်ရေးတွင် အခက်အခဲများစွာ တွေ့ကြုံခဲ့ကြရသလို စီးပွားရေးအရလည်း ထိခိုက်ခံစားခဲ့ကြရသည်။ အထူးသဖြင့် အစဉ်အလာ သမားရိုးကျမီဒီယာဖြစ်သည့် ပုံနှိပ်မီဒီယာများမှာ ဆက်လက် ရှင်သန်နိုင်ရေးအတွက် ရုန်းကန်ခဲ့ကြရပြီး နိုင်ငံရေးအပြောင်းအလဲဖြစ်ချိန်တွင်မူ အချို့သတင်းစာများမှာ ဆက်လက် ထုတ်ဝေခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားကြသည်ကိုလည်း တွေ့ရသည်။

ပုံနှိပ်မီဒီယာများ ရပ်တည်မှုခက်ခဲရသည့် အဓိကအကြောင်းရင်းတွင် သတင်းစားသုံးသူတို့က လူမှုကွန်ရက်ကို အသုံးပြုမှုများပြားလာခြင်းဆိုသည့် အကြောင်းရင်းက ထိပ်ဆုံးမှ ဖြစ်သည်ဟု လူများစုတို့က ယုံကြည်ကြသည်။ သတင်းစားသုံးသူတို့က ၎င်းတို့၏ငွေကြေးကို နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူဖတ်ရှုခြင်းမပြုတော့ဘဲ ဖေ့စ်ဘုတ်ကဲ့သို့သော လူမှုကွန်ရက်သုံးစွဲမှုတွင် ထည့်သွင်းလိုက်ကြခြင်းဖြစ်သည်ဟု ယုံကြည်ကြခြင်းဖြစ်သည်။ လက်တွေ့အားဖြင့်လည်း လူမှုကွန်ရက်၏ မြန်မာပြည်သူလူထုအပေါ် ဩဇာလွှမ်းမိုးမှုက ကျယ်ပြန့်သလောက် နက်လည်းနက်ရှိုင်းသည်။ ပို၍ဆိုးသည်မှာ လူမှုကွန်ရက်သုံးစွဲသူ အများစုက မှန်မှန်ကန်ကန်သုံးသပ်နိုင်မှု၊ စူးစမ်းဆင်ခြင်နိုင်မှုတို့ အားနည်းခြင်းတို့အပြင် မဆင်မခြင်ယုံကြည်ခြင်း၊ မဆင်မခြင် ဖြန့်ချိခြင်းတို့ကို တွေ့ရသည်။

ယနေ့လူမှုကွန်ရက်များကို ကြည့်လျှင် အမုန်းတရားများ၊ ဒေါသများ ပြွမ်းတီးနေပြီး အကြမ်းဖက်မှု၊ သတ်ဖြတ်မှုတို့ကို အားပေးနေသည်ကိုလည်း တွေ့မြင်နိုင်သည်။ ဆဲရေးတိုင်းထွာမှုများ၊ ရုန့်ရင်းကြမ်းတမ်းမှုများ၊ ရင့်သီးရိုင်းစိုင်းမှုများကလည်း အများအပြားပင်။ လက်ရှိအစိုးရအပေါ်မကျေနပ်၍ဟုဆိုလျှင်လည်း ဤအဆိုသည် ပြည့်စုံမည်မဟုတ်ဘဲ ပြီးခဲ့သည့် အစိုးရ၊ ၎င်းအရင်အစိုးရတို့ လက်ထက်များတွင်လည်း ဤနည်းအတိုင်းသာ။ လူမှုကွန်ရက်ကို သတင်းအချက်အလက်ရယူသည့် ပင်မမီဒီယာအဖြစ် အသုံးပြုနေကြသူများမှာ တွေ့သမျှအကုန်ယုံခြင်းနှင့် ကိုယ်ယုံချင်သည့်အရာကိုသာ ယုံခြင်းတို့ကို ရှောင်ကြဉ်နိုင်ရမည်ဖြစ်သည်။ ဤသတင်း၊ ဤပုံ၊ ဤရုပ်သံတို့သည် အစစ်အမှန်လား၊ လုပ်ကြံထားသည့်အတုအယောင်လား၊ ဖြတ်ညှပ်ကပ်ထားခြင်းလား၊ အကျိုးဖြစ်စေနိုင်သလား၊ အကျိုးမဲ့စေနိုင်သလား စသည်တို့ကို တစ်မုဟုတ်ချင်းမှာပင် စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်ခြင်းရှိသင့်သည်။

ယနေ့လူမှုကွန်ရက်တွင် ဒီမိုကရေစီဟူသော စကားလုံးကို လူကြားကောင်းရုံ၊ လူမြင်ကောင်းရုံ သုံးစွဲကာ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေး၊ ပြည်သူလူထုအတွင်း အမုန်းတရားပြန့်ပွားရေး၊ ဘာသာ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုပျက်စီးရေး၊ ပြည်တွင်းစစ်မီးတောက်လောင်လာစေရေး စသည့်အဖျက်အမှောင့်လုပ်ရပ်များကို တွင်တွင်ကျယ်ကျယ်လုပ်နေကြသည်ကို တွေ့မြင်နိုင်သည်။ ဒီမိုကရေစီကို အပေါ်ယံမှဖုံးကာ နိုင်ငံနှင့် လူမျိုးပျက်စီးရာပျက်စီးကြောင်း ဝါဒမှိုင်းတိုက်နေမှုများ၊ ဖျက်လိုဖျက်ဆီးပြုမှုများကို ရှုမြင်နိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသုံးများကြသည့် ဖေ့စ်ဘုတ်လူမှုကွန်ရက်ပေါ်တွင် လူပေါင်းစုံတို့က ရည်ရွယ်ချက်ပေါင်းစုံဖြင့် တင်ပြနေမှုများ၊ ဖြန့်ဝေနေမှုများတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း တာဝန်မဲ့၊ ကျင့်ဝတ်မဲ့စွာဖြင့် အဖျက်လုပ်ငန်း လုပ်ဆောင်နေမှုများစွာပါဝင်နေသည်။ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို ရည်ရွယ်သည်ထက် နိုင်ငံပြိုကွဲပျက်စီးရေးကို ပစ်မှတ်ထားရည်ရွယ်မှုများ တစ်စထက်တစ်စ များလာနေသည်။ လူမှုကွန်ရက်သုံးစွဲသူ ပြည်သူအများ ဉာဏ်ပညာဆင်ခြင်တုံတရားဖြင့် သတိထားနိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**



**✻ ရှေ့ဖုံးမှ**

နှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ဇနီး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိ ရုက္ခသိဒ္ဓနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပြီး သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအားလက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့် အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။

ဒီပင်္ကရာ မြတ်စွာဘုရားက ဂေါတမ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား "ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကို ရလိမ့်မည်ဟု" ဗျာဒိတ်တော်စကားမိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ ဘုရားအဖြစ်ကို ရတော်မူသောနေ့၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူသောနေ့ စသည့်နေ့များ အားလုံးသည် ကဆုန်လပြည့်နေ့များပင် ဖြစ်သဖြင့် **"ဖွားမြင်ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊ လပြည့်ကြုံ"** ဟုလည်းကောင်း၊ **"ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟုလည်းကောင်း မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်ဗုဒ္ဓနေ့** ဟူ၍ ဗုဒ္ဓဘာသာဝင်များက အထွတ်အမြတ်ထားခဲ့ကြကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင် မကဘဲ အခြားနှစ်ကျိပ်ရှစ်ဆူ ကုန်သော မြတ်စွာဘုရားတို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"** ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့ မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင် ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ခြင်း စသည့် ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်စဉ်။



နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်နေကြစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မတ် ၂၅

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြောင်းမြမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ရွှေဂွန်းတွင် ၂ ဒသမ ၁၂ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ကျောက်မဲမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ၆၅ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၃၅ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် မော်ဘီမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ၏ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်းဆုရ "ဝ" စေတီတော်ရှိ မဟာဗောဓိ ညောင်ပင်တွင် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာသူများက တောင်းဆုရ "ဝ" စေတီတော်၊ ညီတော်ဘုရားလိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၏ ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုများသည် တောင်းဆုရ "ဝ" စေတီတော် ပရိဝုဏ်အတွင်းရှိ "မဟာဗောဓိ" ညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းမှ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာမိသားစုများအား သွားရောက်တွေ့ဆုံ



**နေပြည်တော် မေ ၂၅**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့မွန်းလွဲပိုင်းတွင် မိုးဖြဲရဲကင်းစခန်းနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးကာ နယ်မြေခံတပ်ရင်းဌာနချုပ်တွင် မိုးဖြဲရဲကင်းစခန်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားများ၏ မိသားစုဝင်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ထောက်ပံ့ငွေနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေများအား တစ်ဦးချင်း ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဖယ်ခုံတပ်နယ်ရှိ နယ်မြေခံ တပ်ရင်းစုပေါင်း ခန်းမတွင် မိုးဖြဲရဲကင်းစခန်း၌ တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏မိဘများ၊ ဇနီး၊ သားသမီး၊ မိသားစုများနှင့် တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ထောက်ပံ့ငွေများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေများအား မိသားစုဝင်တစ်ဦးချင်း လက်ဝယ်သို့ ထောက်ပံ့ချီးမြှင့်ပေးအပ်ကာ နှစ်သိမ့်အားပေးစကားပြောကြား၍ မိသားစုများ၏ အခက်အခဲများအား ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖယ်ခုံမြို့မရဲစခန်းသို့ သွားရောက်ကာ ရဲစခန်းလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား အသေးစိတ်ကြည့်ရှုစစ်ဆေး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ အကျဉ်းသားများ၏ ကျန်းမာရေးကိစ္စရပ်များ၊ အကျဉ်းသားများ နေရာချထားမှု အခြေအနေနှင့် ချက်ပြုတ်ကျွေးမွေးမှုကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၂၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက် များစွာအထောက်အကူပြုခဲ့

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့်စပ်လျဉ်း၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက် များစွာအထောက်အကူပြုခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်၊ သူနာပြုများ ခန့်ထားရေးနှင့် ပတ်သက်၍ လိုအပ်လျက်ရှိသည့် နေရာဒေသများတွင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူရုံးပိတ်ရက်များ သတ်မှတ်ရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းကာ လုပ်ငန်းဆောင်ရွက်မှုများ မထိခိုက်အောင် နိုင်ငံတကာနှင့် နှိုင်းယှဉ်စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တာချီလိတ်မြို့ရှိ မိဘမဲ့ကလေးများကျောင်းနှင့် ဟိုရမ်းကျေးရွာတို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲများတက်ရောက်



နေပြည်တော် မေ ၂၅

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မေ ၂၄ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျန်-၂ ခရစ်တော်၏ သက်သေခံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ မိဘမဲ့ကလေးကျောင်း၌ ကျင်းပသည့် မိဘမဲ့ကလေးများ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မိဘမဲ့ဂေဟာ ပရဟိတကျောင်း ကျောင်းအုပ်ကြီးနှင့် ကလေးငယ်များကို အိမ်ထောင်စုလူဦးရေစာရင်းတစ်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃ ကတ်ကို ပေးအပ်ကြပြီး ကျောင်းအုပ်ကြီး ဦးဂျန်မော်နောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်းကျေးရွာရုံးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက် အားပေးသည်။

**မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းပင်ဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ မဲစာရင်းတွင် ပါဝင်သူ ၄ ဒသမ ၈ သန်းခန့် ရှိပါကြောင်း၊ ယင်းစာရင်းများတွင် နိုင်ငံသားမဟုတ်သူများလည်း ပါရှိနိုင်ပြီး အသက်(၁၈) နှစ် မပြည့်သေးသူများ၊ မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နိုင်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း၊ သို့မှသာ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသည့် မြန်မာနိုင်ငံသားများသည် နိုင်ငံသား အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်း ပျက်စီး/ပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ရာ မိုင်းကိုးကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းပင်းနှင့် ဒေသခံပြည်သူများက လက်ခံရယူကြပြီး **(အပေါ်ယာပုံ)** ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**၁၂၉ ကတ်ကို ထုတ်ပေးနိုင်**

အဆိုပါအခမ်းအနားတွင် မိုင်းကိုးကျေးရွာအုပ်စုမှ ကျေးရွာအသီးသီးရှိ ရှမ်း၊ ပလောင်၊ လားဟူ၊ အာခါ စသည့်တိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်း ၃၆ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၉ ကတ်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**ချစ်ကြည်ရေးတံတား ကြည့်ရှုစစ်ဆေး**

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ မြန်မာ- ထိုင်းနယ်စပ်ရှိ အမှတ် (၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တာချီလိတ်ခရိုင် ဦးစီးမှူးရုံး၌ အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများ၊ နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများမှာကြားကာ ဝန်ထမ်းများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် တာချီလိတ်မြို့ နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဂ္ဂမဟာပဏ္ဍိတ၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဇမဟာရဋ္ဌဂုရု၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ နဂါးနှစ်ကောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကံ ကံ၏အကျိုးကို မမြင်သူ အကြမ်းဖက်ဝါဒီတွေ...

**မေ**

လူတစ်ယောက်သေဆုံးသွားတဲ့အခါ ပတ်သက်ဆက်နွှယ်တဲ့သူတွေက ဝမ်းနည်းပူဆွေးမှုဖြစ်ကြရတာဟာ လောကဓမ္မတာပါပဲ။ သေဆုံးသူဟာ လူ့ဘောင်လောကကို အကျိုးပြုတဲ့၊ အများနဲ့ဆိုင်တဲ့ လူတစ်ယောက်သာဆိုရင် သူ့အတွက် ပိုပြီးပူဆွေးကြရပါတယ်။ ဒါပေမယ့် သီရိလင်္ကာနိုင်ငံမှာ တမီးလ်ကျားသူပုန်ခေါင်းဆောင်ပရာဘာခါရန်ကို အသေဖမ်းဆီးရမိတဲ့သတင်း ပြည်သူတွေကြားရတဲ့အခါ ညကြီးမင်းကြီး သောင်းသောင်းဖြဖြ ဝမ်းသာအားရ မြူးတူးကခုန်ကြပါတယ်။



အေးချမ်းလုံခြုံမှုကို ပြည်သူတိုင်းက မျှော်လင့်နေတာမို့ သူပုန်ခေါင်းဆောင် သေဆုံးသွားတာကို ဝမ်းသာအားရ ဖြစ်ပုံရပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ သူ့ကို အားပေးထောက်ခံသူတွေအတွက်တော့ သူရဲကောင်း အာဇာနည်ဆိုပြီး သတ်မှတ်ချင်သတ်မှတ်ကြမှာပေါ့။ ဒါပေမယ့် အများစုသော ပြည်သူတွေရဲ့ မေတ္တာမိုးတွေ ရွာသွန်းဖြိုးခံရတဲ့ ပရာဘာခါရန် သေဆုံးသွားရတာ သီရိလင်္ကာနိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ အတော်လေး စိတ်သက်သာရသွားခဲ့ပါတယ်။

တမီးလ်ကျားသူပုန်အဖွဲ့ဟာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားတဲ့ ခွဲထွက်ရေးအုပ်စုလည်း ဖြစ်ပါတယ်။ အသေခံဗုံးခွဲ တိုက်ခိုက်မှုတွေ အများကြီး ကျူးလွန်ခဲ့ပါတယ်။ အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီကိုတောင် လုပ်ကြံခဲ့တဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်တွေမှာ အားကောင်းလာပြီး သူတို့ပထမဆုံး အကြမ်းဖက်တဲ့ပွဲကတော့ စစ်သား ၁၃ ယောက်ကို ချုံခိုတိုက်ခိုက်သတ်ဖြတ်လိုက်ရာကနေစခဲ့တာ ဖြစ်ပါတယ်။ ခေါင်းဆောင်ကျဆုံးသွားချိန်မှာတော့ သူတို့ကြောင့် လူပေါင်း ၇၀၀၀၀ လောက်ကို သေကျေစေခဲ့တာ ဖြစ်ပါတယ်။ ကျားသူပုန်တွေ အင်အားကောင်းလာတာနဲ့အမျှ နယ်မြေတွေကိုသိမ်းပိုက်တယ်၊ သီရိလင်္ကာရဲ့ နယ်မြေ သုံးပုံတစ်ပုံလောက်အထိ အင်ပါယာချဲ့ထွင်လာခဲ့ပါတယ်။ မည်သို့ပင်ဆိုစေ အကြမ်းဖက်ဝါဒီသမားတွေရဲ့ မလွဲမသွေ ကြုံရမယ့်လမ်းကတော့ အရှုံးနဲ့ရင်ဆိုင်ရခြင်းဖြစ်ပါတယ်။

## အကြမ်းဖက်တွေရဲ့နိဂုံး

ဆိုးဖြတ်ချက်အမှားတွေ၊ လူထုကိုစိတ်ပျက်စရာ၊ ထိတ်လန့်စိုးရွံ့စရာတွေကိုသာ ပေးတဲ့ အကြမ်းဖက်တမီးလ်သူပုန်အဖွဲ့သားတွေကို လူထုက အတော်လေးစိတ်ကုန်နေကြတာမို့ အေးချမ်းစွာနေလိုတဲ့ပြည်သူတွေဟာ တဖြည်းဖြည်း သူတို့နဲ့ စိတ်ချင်းဝေးလာကုန်တော့တာပါပဲ။ အစိုးရတပ်တွေက သူတို့ကို နှိမ်နင်းတဲ့အခါ သူတို့ကပြည်သူကို လူသားဒိုင်းအဖြစ် အသုံးချတတ်တာမို့ ပြည်သူတွေဟာ ထိုးစစ်အတွင်းမှာ ဘုမသိ ဘမသိနဲ့ အသက်ပေးခဲ့ကြရတာပါ။ တမီးလ်ကျားတွေဟာ တမီးလ်အမျိုးသားရေးကို နိုင်ငံရေးအရ မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းဖို့ကြိုးစားရင်း နောက်ဆုံးမှာ လက်နက်ဘေးနဲ့ နိဂုံးချုပ်ခဲ့ရတာပဲ ဖြစ်ပါတယ်။

မိမိတို့ လူသားများအနေနဲ့ တစ်စုံတစ်ယောက်ထံက လိုချင်တဲ့အရာကို ရအောင်ယူနိုင်မယ့် နည်းလမ်းများစွာ ရှိပါတယ်။ တောင်းခံလိုတာဖြစ်ဖြစ်၊ မကျေနပ်မှုတွေကို ပြသလိုတာဖြစ်ဖြစ် ထုတ်ဖော်တဲ့အခါမှာ အဲဒီလုပ်ရပ်က မဆိုင်တဲ့သူတွေကို မထိခိုက်ဖို့ အရေးကြီးပါတယ်။ ရိုးရိုးသားသား၊ မျှတတဲ့စိတ်ထား၊ ဂုဏ်သိက္ခာရှိတဲ့၊ လူကြီးလူကောင်း ပီသတဲ့ နည်းလမ်းမျိုးနဲ့သာ ဖြေရှင်းရယူဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ မိမိနဲ့ အယူအဆ၊ အတွေးအခေါ်မတူတာနဲ့ ရန်သူလို သဘောထား အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေသရွေ့တော့ လူ့ဘောင်ကြီးသာယာနိုင်ဖို့ဝေးစွ နိုင်ငံက နာလန်ထူဖို့ မလွယ်ပါဘူး။

**❒ အဲဒီလို သတ်ဖြတ်၊ ဖျက်ဆီးပြီးတာနဲ့ တစ်ပြိုင်နက် အကြမ်းဖက်သမားထောက်ခံသူတွေက ထိခိုက်သေဆုံး၊ ပျက်စီးမှုတွေကို ဝမ်းသာအားရ အွန်လိုင်းမှာ တင်ကြပါတယ်။ လူထုက အကြမ်းဖက်သမားတွေကို အမုန်းမပွားရအောင်လည်း ဒီလိုအရာတွေကို နိုင်ငံတော်အစိုးရက၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက တစ်ဖက်လှည့်နဲ့ လုပ်ဆောင်နေတယ်ဆိုပြီး မပိမရိ လိမ်လည်လုပ်ကြံဝါဒဖြန့်နေကြတာကိုလည်း အော့နှလုံးနာဖွယ် မြင်တွေ့ရမှာပါ**

## ပြည်သူတွေမခံစားလိုကြပါ

လက်ရှိမိမိတို့နိုင်ငံ ပြည်သူတွေဟာ ဘယ်နေရာမှာ ပေါက်ကွဲသံကြားရမလဲ၊ ကိုယ်သွားမယ့်အလုပ်၊ ကျောင်းစတာတွေ မရောက်ခင် ဘာသံများကြားရဦးမလဲ ဆိုသကဲ့သို့ နေ့စဉ်နဲ့အမျှ စိုးရိမ်ပူပန်မှုတွေနဲ့ ကြုံနေကြရပါပြီ။ ဗုံးသတိ၊ ဗုံးအသိတွေ လူမှုကွန်ရက်ပေါ်မှာ အချင်းချင်းဖြန့်ဝေကြတယ်။ အကြောက်တရားတွေနဲ့ ဖြတ်သန်းနေကြပါတယ်။ နိုင်ငံတော်အစိုးရက ကျောင်းတွေ၊ အလုပ်အကိုင်တွေ ပုံမှန်လည်ပတ်နိုင်အောင် ကြိုးစားနေကြတယ်။ တစ်ဖက်မှာ အကြမ်းဖက်လိုသူတွေက မတည်ငြိမ်အောင်၊ ပြည်သူတွေ အေးအေးချမ်းချမ်း မနေရအောင်နဲ့ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား ပျက်ယွင်းအောင် အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေကြပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက လမ်းမတော်မြို့နယ်က ဖြစ်စဉ်မှာဆိုရင် အမျိုးသားနှစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဗုံးခွဲပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သေနတ်နဲ့ ပစ်သတ်ခဲ့ပါတယ်။ ထပ်ပြီးတော့လည်း အနီးတစ်နေရာမှာ ဗုံးခွဲခဲ့ပါသေးတယ်။ ဒါတွေက ရန်ကုန်မြို့လယ်ကောင် အများပြည်သူ သွားလာရာနေရာတွေမှာ လုပ်ဆောင်တာပါ။ အမြို့မြို့ အနယ်နယ်မှာလည်း ပေါက်ကွဲသမျှ ဗုံးတွေဟာ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ အများသုံးကားမှတ်တိုင်တွေ၊ လမ်းမကြီးဘေးတွေမှာတောင် ပေါက်ကွဲတာမျိုး ဖြစ်နေရပါပြီ။ အချို့ဒေသတွေမှာ အုပ်ချုပ်ရေးမှူးတွေအပြင် မိသားစုတွေကိုပါ အကြမ်းဖက်သတ်ဖြတ်တာတွေလည်း ရှိပါသေးတယ်။

အဲဒီလို သတ်ဖြတ်၊ ဖျက်ဆီးပြီးတာနဲ့ တစ်ပြိုင်နက် အကြမ်းဖက်သမားထောက်ခံသူတွေက ထိခိုက်သေဆုံး၊ ပျက်စီးမှုတွေကို ဝမ်းသာအားရ အွန်လိုင်းမှာ တင်ကြပါတယ်။ လူထုက အကြမ်းဖက်သမားတွေကို အမုန်းမပွားရအောင်လည်း ဒီလိုအရာတွေကို နိုင်ငံတော်အစိုးရက၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက တစ်ဖက်လှည့်နဲ့ လုပ်ဆောင်နေတယ်ဆိုပြီး မပိမရိ လိမ်လည် လုပ်ကြံဝါဒဖြန့်နေကြတာကိုလည်း အော့နှလုံးနာဖွယ် မြင်တွေ့ရမှာပါ။

အပြစ်မဲ့သူတွေ၊ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ ထိခိုက်သေဆုံးရတဲ့အခါ လူမှုကွန်ရက်မှာ အသည်းပေးကြ၊ ကြိုက်နှစ်သက်ကြ၊ ဝမ်းသာအားရ စာသားတွေ ရေးနေကြတာဟာ ဒီမိုကရေစီနဲ့ လားလားမှ မသက်ဆိုင်ဘူးဆိုတာ၊ မိမိတို့ကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားအဆုံးအမတွေနဲ့ မကိုက်ညီဘူးဆိုတာ သတိပြုစေလို လှပါပြီ။

ငယ်ငယ်က ကျောက်ခဲကလေးများကို မိုးပေါ်သို့ ပစ်ပေါက်ပြီး သူငယ်ချင်းတွေနဲ့ ဆော့ကစားခဲ့ဖူးပါတယ်။ ကျောက်ခဲလေးတစ်လုံး မိုးပေါ်ကို ပစ်လိုက်တိုင်း မကောင်း သူထိပ်၊ ကောင်းသူထိပ်လို့ ပြောတတ်ကြပြီး ဘယ်သူ့ခေါင်းပေါ်ကျလာမလဲ ဆိုတာ ပျော်ရွှင်စွာစောင့်ကြည့်ရင်း ကျောက်ခဲကျခံရသူကတော့ ကျောက်ခဲကြီးရင် ကြီးသလို ခေါင်းကလေးကို ပွတ်ရင်းပေါ့။ အခုလို ဗုံးတွေ၊ မိုင်းတွေ မကြာခဏခွဲတဲ့သူတွေဟာလည်း ဘယ်လိုစိတ်ကူးနဲ့များ လုပ်ဆောင်တယ်ဆိုတာ စဉ်းစားမရနိုင်တော့ပါဘူး။ ဘာကြောင့် အများပြည်သူပိုင်တဲ့ အဆောက်အအုံတွေ၊ အများနဲ့ဆိုင်တဲ့နေရာတွေ၊ သူတစ်ပါးရဲ့ အသက်အိုးအိမ်တွေကို ခိုးကြောင်ခိုးဝှက်အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဝံ့ကြသလဲ။

ပြည်သူအများစုဟာ ဘယ်အစိုးရ၊ ဘယ်သူတော့ဖြင့်ဆိုတာထက် အေးအေးချမ်းချမ်းနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံတိုးတက်အောင်လုပ်မယ့်အစိုးရ၊ မိမိတို့အသိုက်အဝန်းအတွက် လုံခြုံစိတ်ချရတဲ့ အစိုးရမျိုးကိုပိုပြီး အလိုရှိပါတယ်။ ကပ်ရောဂါကြောင့် အစစအရာရာ မနည်းကျားကန်နေကြရတဲ့ ပြည်သူတွေဟာ အကြမ်းဖက်သူတွေရဲ့ အတွေးအခေါ်အမှားတွေ၊ အနိုင်ကျင့်လုပ်ရပ်တွေကြောင့် ရုံးမတက်ရဲကြသူတွေ၊ ကျောင်းမသွားရဲကြတဲ့ ဆရာ၊ ဆရာမတွေ၊ သစ္စာဖောက်ဆိုပြီး အရှက်ခွဲခံရမှာကြောက်လို့ ဆေးရုံမသွားဝံ့တဲ့ ဆရာဝန်တွေ၊ နောက်ဆုံး သံပုံးမတီးလို့၊ ဆန္ဒမပြလို့ဆိုပြီး ခြိမ်းခြောက်အနိုင်ကျင့်ခံရတဲ့ ပြည်သူတွေ အားလုံးဟာ အကြမ်းဖက်ခြင်းကို စက်ဆုပ်မုန်းတီးနေကြပြီဖြစ်ပါတယ်။

ဘယ်သူမပြု မိမိမှုဆိုတဲ့စကားက စာရေးသူတို့ ဗုဒ္ဓဘာသာဝင်တွေအတွက် မဆန်းကြယ်ပါဘူး။ ကိုယ်ပြုလုပ်လိုက်တဲ့ အမှုကိစ္စက ကောင်းတဲ့အမှုကိစ္စ၊ အများအတွက် အကျိုးရှိစေတဲ့ကိစ္စဖြစ်မယ်ဆိုရင် ကောင်းကျိုးခံစားရမှာဖြစ်သလို မကောင်းမှုဒုစရိုက်နဲ့ အများကို ထိခိုက်နစ်နာစေခဲ့တဲ့အမှုကို ပြုလိုက်မိပြီ၊ အများပြည်သူတွေ ထိခိုက်နစ်နာပျက်စီးရပြီဆိုရင်တော့ အဲဒီအကုသိုလ်ကို ပြန်ပြီးခံစားကြုံတွေ့ရမှာဖြစ်ပါတယ်။

အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး သတ်ဖြတ်၊ လုံခြုံရေးတာဝန်ယူထားရတဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေကို သတ်ဖြတ်၊ အေးအေးချမ်းချမ်းနေလိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်လိုပြည်သူကမှ လက်သင့်မခံသင့်ဘဲ နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဖော်ထုတ်ပေးကြမှသာ မိမိတို့လူ့ဘောင်ကြီး အေးချမ်းသွားမယ်လို့ ယုံကြည်မိပါတော့တယ်။ ။

**❈ ဘယ်သူမပြု မိမိမှုဆိုတဲ့စကားက စာရေးသူတို့ ဗုဒ္ဓဘာသာဝင်တွေအတွက် မဆန်းကြယ်ပါဘူး။ ကိုယ်ပြုလုပ်လိုက်တဲ့ အမှုကိစ္စက ကောင်းတဲ့အမှုကိစ္စ၊ အများအတွက် အကျိုးရှိစေတဲ့ကိစ္စဖြစ်မယ်ဆိုရင် ကောင်းကျိုးခံစားရမှာဖြစ်သလို မကောင်းမှုဒုစရိုက်နဲ့ အများကို ထိခိုက်နစ်နာစေခဲ့တဲ့အမှုကို ပြုလိုက်မိပြီ၊ အများပြည်သူတွေ ထိခိုက်နစ်နာပျက်စီးရပြီဆိုရင်တော့ အဲဒီအကုသိုလ်ကို ပြန်ပြီးခံစားကြုံတွေ့ရမှာဖြစ်ပါတယ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပညာရေးမိသားစု၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၅

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် ကလောမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်းရှိ တေဇခန်းမ၌ ကလောမြို့နယ် ပညာရေးမိသားစု၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက သိရှိလိုသည်များနှင့် ပညာရေးလုပ်ငန်းအတွက် လိုအပ်ချက်များ မေးမြန်းတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြား၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး)သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းတွင်းတည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် လက်တွေ့သင်ကြားရေး အလုပ်ရုံများသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ပညာရေးမိသားစုများနှင့် တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရေးမှာကြားကာ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများ၊ ဂေဟာများ၊ ဌာနများအား လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းကျောင်းတာဝန်ခံတို့က လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းကျောင်းအတွင်း သင်တန်းသားများ နေထိုင်စားသောက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**



ဆက်လက်၍ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း VTW (ရန်ကုန်)နှင့် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ ရောက်ရှိခဲ့ကြပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ ရက်ကန်းသင်တန်း၊ အလှအပပြုပြင်ပေးမှုဆိုင်ရာ ဝန်ဆောင်မှုသင်တန်း၊ ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်း စသည်တို့ကို လေ့ကျင့်သင်ကြားပေးနေမှုများ၊ သင်တန်းသူများကိုယ်တိုင် ပြုလုပ်ထားသည့် အိမ်တွင်းမှုပစ္စည်းများကို ရောင်းချမည့် အရောင်းဆိုင်ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ရန်ကုန်)တွင် အကြမ်းဖက်ခံရသူ အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center– OSWSC)ကို ဖွင့်လှစ်ထားရှိပြီး အကြမ်းဖက်ခံရသူ အမျိုးသမီးများအား လက်ခံစောင့်ရှောက်ကာ ကျန်းမာရေးဆိုင်ရာများ၊ တရားရင်ဆိုင်ရန်နှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေပြည်သာမြို့နယ်ရှိ လူငယ်သင်တန်းကျောင်းခွဲ(ရွှေပြည်သာ)သို့ ရောက်ရှိကြပြီး အဆိုပါ သင်တန်းကျောင်းခွဲတွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကောင်းသုခထွန်းကုမ္ပဏီက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးခံရသူများကို ယာယီစောင့်ရှောက်ရေးဂေဟာ (ရွှေပြည်သာ)သို့ ရောက်ရှိကြပြီး ဂေဟာတာဝန်ခံက ဂေဟာလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသားများ အနေဖြင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံအပြင် အခြားနိုင်ငံများသို့လည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်များရှိကြောင်း၊ ထို့အပြင် နယ်စပ်ဒေသများတွင် အခြားနိုင်ငံများမှ မိန်းကလေးအချို့လည်း လူကုန်ကူးခံရခြင်းများရှိပြီး မိမိတို့ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားရှိကာ သက်ဆိုင်ရာ သံရုံးများနှင့် ချိတ်ဆက်၍ ၎င်းတို့၏နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရသည့် ဖြစ်စဉ်များရှိကြောင်း၊ လူကုန်ကူးခံရသည့် ဖြစ်စဉ်များတွင် လူမှုရေးပြဿနာများ၊ မိသားစုအခက်အခဲများမှ အစပြုဖြစ်ပွားသည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းတို့ မူလလူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက် သက်ဆိုင်ရာဌာနအားလုံးနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကာ မိမိတို့၏ လုပ်ငန်းတာဝန်များ၊ သတ်မှတ်ထားသည့် စံလုပ်ငန်းစဉ်(SOP)နှင့်အညီ တိကျစွာ ဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

## ❖*ကျောဖုံးမှ*

ဒီဂါ (Digha)မြို့၏ တောင်–အရှေ့တောင်ဘက် ရေမိုင် ၁၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" သည် ယနေ့ည ၁၀ ရီခွဲတွင် မြောက်လတ္တီကျူ ၁၉ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၉၇၄) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၇၀ နှုန်းဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" သည် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၇ ပေခန့် ရှိနိုင်သည်။

မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ယာစ်"၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ သံဃာအပါး ၁၀၀၀ ဆွမ်း၊ သင်္ကန်း ဆက်ကပ်လှူဒါန်း



**နေပြည်တော် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ သံဃာအပါး ၁၀၀၀ ဆွမ်း၊ သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ စာသင်တိုက် ၁၇ တိုက်မှ သံဃာတော်အပါး ၁၀၀၀ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ က သံဃာတော်များအား ဆွမ်း၊ သင်္ကန်းဆက်ကပ်ရခြင်းနှင့် သာသနာရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားသည်။

**လောင်းလှူ**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ဓာတုစယဓာတ်ပေါင်းစုစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော် အောင်ပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း အရှေ့အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားနှင့် အကြိမ် (၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

**ကြည်ညို**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

**ဂါထာဖတ်ကြားပူဇော်**

ရှေးဦးစွာ မဟာဗောဓိညောင်ပင်တော်အား (၁၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိရုက္ခေါဒကသိဥ္စန ဉံယျောဇနဂါထာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် **(ယာပုံ)**၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် အလှူရှင်များ၊ ဧည့်ပရိသတ်များက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

**ပဋ္ဌာန်းရွတ်ဖတ်အောင်ပွဲ**

ယင်းနောက် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်၊ ဂန္ဓကုဋိကျောင်းဆောင်၊ အဘိသန္ဓဗိမာန်တော်၌ အကြိမ်(၄၀)မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပရာ မဟာဝိဇိတာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်



ဘဒ္ဒန္တကောသရိန္ဒ အရှင်သူမြတ်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ကြွရောက်တော်မူကြသော ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဝိဇိတာရုံကျောင်းတိုက်ကြီး၏ မဟာနာယက ဆရာတော်ဘဒ္ဒန္တကောသရိန္ဒ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြား၍ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်




**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ခြင်းကို မေ ၂၅ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အဖွဲ့ဝင်များ အမှူးပြုသော ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ဂုဏ်ပြုပူဇော် မင်္ဂလာကဗျာကို ဝတ်အသင်းများက ရွတ်ပွားပူဇော်ကြပြီး နဂါး၊ ဂဠုန်၊ နတ်ဖြဲပဟ္မာအပေါင်းတို့၏ ဝမ်းမြောက်ကြည်နူးချီးကျူးကြွေးကြော်သံကဗျာများကို ဝတ်ရွတ်အသင်းများက ပူဇော်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတို့က ဗောဓိညောင်ခြေပလ္လင်ဖွေ၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား အမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးအတွင်းရှိ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း ဆက်ကပ်၍ ဘုရားစေတီအတွင်း လှည့်လည်ဖူးမြော်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့၌ ကဆုန်ညောင်ရေသွန်း လောင်းလှူပွဲကျင်းပ

**ကော့ကရိတ် မေ ၂၅**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) တွင် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့ ဘုန်းကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ညောင်ပင်များတွင် မြန်မာ့ဓလေ့ရိုးရာ အစဉ်အလာများနှင့်အညီ ရိုးရာမပျက် ညောင်ရေသွန်းလောင်းပူဇော်ကြကြောင်း သိရသည်။

"ယခင်နှစ်တုန်းကနဲ့ မတူဘူးပေါ့။ ဒီနှစ်မှာတော့ ကိုဗစ် -၁၉ ရောဂါကြောင့် ယမန်နှစ်တုန်းကနဲ့မတူဘဲ ဘုန်းကြီးကျောင်းတွေနဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ မိမိအစီအစဉ်ဖြင့်သာ ညောင်ရေသွန်းလောင်းလှူပွဲတွေကို ကျင်းပကြတာပေါ့။ ယမန်နှစ်ကဆို ဇေနတုခစေတီတော်ကြီးဝင်းအတွင်းမှာ ညောင်ရေသွန်းလောင်းလှူပွဲကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဒီနှစ်မှာတော့ ရပ်ကွက်တွေမှ ဒေသခံပြည်သူတွေက မိသားစုဝင်တွေနဲ့ အပေါင်းအသင်းတွေအလိုက် လာရောက် ညောင်ရေသွန်းလောင်းကြပါတယ်" ဟု အမှတ် (၅) ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောကြားသည်။

**ခရိုင်**

**(ပြန် / ဆက်)**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုသိုလ်ပြုသူများဖြင့် စည်ကား

နေပြည်တော် မေ ၂၅

**ကဆုန်လပြည့်နေ့သည် ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် နိယတဗျာဒိတ်ခံယူသည့်နေ့၊ ဂေါတမဘုရားအလောင်းတော် ဖွားမြင်သည့်နေ့၊ ဂေါတမ ဘုရားအလောင်းတော် ဘုရားဖြစ်သည့်နေ့၊ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည့်နေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်၍ နှစ်စဉ်ကဆုန်လပြည့်နေ့ တွင် ဗောဓိညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။**



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကဆုန်လပြည့်နေ့ အခါသမယတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘုရားကျောင်းကန် စေတီများတွင် ဗောဓိညောင်ရေ သွန်းလောင်း ပူဇော်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ကုသိုလ်ပြုသူများဖြင့်စည်ကား**

နေပြည်တော်ကောင်စီ နယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လှေခွင်းတောင် တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ ဗုဒ္ဓဂယာ (နေပြည်တော်)၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ လက်လုပ်တောင်စေတီ၊ ကိုးနဝင်းစေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ လာရောက်ဘုရားဖူးမြော်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားနာယူခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်သည့် မအေးမြတ်မြတ်မွန်က "ကဆုန်လပြည့်နေ့ရောက်တိုင်း ဘုရားဖူးသွားဖြစ်တယ်။ သူငယ်ချင်းတွေနဲ့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကိုရောက်တိုင်း ဘုရားရင်ပြင်တော်ကို သန့်ရှင်းရေးလုပ်တယ်။ တံမြက်စည်းလှည်းတယ်။ သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး အချိုရည်၊ အအေး စတဲ့အလှူလည်း လုပ်ဖြစ်တယ်။ ဒီနေ့မနက်ပိုင်းမှာ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးနဲ့ ဗုဒ္ဓဂယာတို့ကိုသွားရောက်ဖူးမြော်ပြီးပါပြီ။ ညနေပိုင်းမှာတော့ ထာဝရ ငြိမ်းချမ်းရေးစေတီကို သွားဖူးပါမယ်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြတဲ့ပြည်သူတွေအားလုံး ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းပါတယ်" ဟုပြောသည်။

"ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ ကုသိုလ်ယူကြတာပေ့ါ။ ကျွန်တော်က မိသားစုနဲ့လာတာပါ။ မနက်ပိုင်း ဘုရားဖူးပြီးရင် နေ့လယ်မှာ ကလေးတွေကို ကစားကွင်းပို့မယ်။ ညနေပိုင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးမှာ ညောင်ရေသွန်းပြီးမှ အိမ်ပြန်မှာပါ။ ကဆုန်လပြည့်နေ့မှာလူတိုင်း ကျန်းမာချမ်းသာ ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ရန်အောင်မြင် ရွှေလက်လှစေတီသို့ ဘုရားဖူးလာရောက်သည့် ကိုအောင်သူဖြိုးက ပြောသည်။

**လုံခြုံရေးဆောင်ရွက်ပေး**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဘုရားဖူးလာရောက်ကြသူများကို ကျန်းမာရေး ဝန်ထမ်းများနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ စနစ်တကျ လက်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

**လုလင်ငယ်၊ ဓာတ်ပုံ- အေးထိန်**

○ ကျောဖုံးမှ

(၃၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**ကိုးပါးသီလ ခံယူဆောက်တည်**

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကိုကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးတင်ဝင်းက ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စပ်လျဉ်း၍လျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများကိုယ်စား ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသက ဩဝါဒကထာများ မြွက်ကြားတော်မူသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကဓရ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးရှိ မဟာဗောဓိပင်၌ ဘာသာရေးဝတ်အသင်းအဖွဲ့နှင့် ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

**ညောင်ရေသွန်းလောင်းပူဇော်**

ယင်းနောက်ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ဗောဓိညောင်ပင်၌ (၃၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများက ပရိဘောဂစေတီ(မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူပူဇော်ပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရာဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် စေတီတော်ရင်ပြင် နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ၊ ဓမ္မရောင်ခြည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံမှ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးထံမှ အနုမောဒနာတရားများနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လက်ယာရစ်လှည့်လည်ပူဇော်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းဖွဲ့များက စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူပူဇော်ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် လည်းကောင်း၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား)၏ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၉ နာရီတွင်လည်းကောင်း ကျင်းပရာ ဘုရားဂေါပကအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက မဟာဗောဓိပင်၌ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

**ဇီဝိတဒါနလွှတ်ပေး**

ထို့ပြင် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများက မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရွာမရပ်ကွက် ရန်ကုန်-ပဲခူး ကားလမ်းဘေးရှိ ဘားလားချောင်းအတွင်း ကဆုန်လပြည့်နေ့ အထိမ်းအမှတ်အဖြစ် ငါးကောင်ရေ ၇၅၀၀၀၀ အား ဇီဝိတဒါန လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်၊ ကျော်စိုးဝင်း**

**ဓာတ်ပုံ-ဇော်ဇော်လတ်**

# နိုင်ငံတစ်ဝန်းရှိ မြို့နယ်အချို့၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည့် မြင်ကွင်းများ



နေပြည်တော် ဓာတုစယဓာတ်ပေါင်းစု စေတီတော်ရှိ မဟာဗောဓိညောင်ပင်တော်၌ ညောင်ရေသွန်းလောင်း ပူဇော်နေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်



စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရားရင်ပြင်ရှိ ဗောဓိညောင်ပင်၌ ဘုရားဖူးလာကြသူများ ညောင်ရေသွန်းလောင်းပူဇော်နေကြစဉ်။

ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)



မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ညောင်ရေသွန်းလောင်း ပူဇော်နေကြစဉ်။

ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၄) မြို့မအရှေ့ရပ်ကွက် ဗဟိုဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကဆုန် ညောင်ရေသွန်းလောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ဓာတ်ပုံ-သက်လွင်စိုး(ပြန်/ဆက်)



မရမ်းကုန်းမြို့နယ် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးရှိ ဗောဓိညောင်ပင်၌ ဝတ်အသင်းအဖွဲ့များ ညောင်ရေသွန်းလောင်းပူဇော်နေကြစဉ်။

ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဘောလုံးကစားနည်း အခြေခံကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၂၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်-တပ်ကုန်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်ကျန်းမာစွာ တာဝန်ထမ်းဆောင်နိုင်စေရန်နှင့် ဝန်ထမ်းများစည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဘောလုံးကစားနည်း အခြေခံကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကို မေ ၂၅ ရက် ညနေပိုင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးသက်နှင့် သင်တန်းနည်းပြ တာဝန်ဆောင်ရွက်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးကျော်လင်းထွန်းတို့က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယတိုင်းဦးစီးမှူးက သင်တန်းတွင် အသုံးပြုရန် ဘောလုံးများကို ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုပေါင်းပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ အဆိုပါသင်တန်းကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြများက ပို့ချ/ပြသ/လေ့ကျင့်ပေးမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းသင်တန်းသား ၄၀ တက်ရောက်ကာ ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည် ဖြစ်သည်။ ဆက်လက်၍ ၂၀၂၁ ခုနှစ် ညွှန်ကြားရေးမှူးချုပ် ဖလား အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဇွန် ၁၀၊ ၁၁ ရက် ကျင်းပမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်း၌ နှစ်ရက်ကြာကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်ကစားသမားတစ်ဦးနှင့် Amateur အဆင့်ကစားသမား တစ်ဦးစီ ပါဝင်သော နှစ်ယောက်တွဲအသင်းလိုက် (အကျောမဲ့)၊ တစ်ဦးချင်းအကျောမဲ့ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ၁၈ ကျင်း နှစ်ရက်ဖြင့် ၃၆ ကျင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆုများအဖြစ် နှစ်ယောက်တွဲ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် အဆင့် ၁ မှ ၅ အထိ ရရှိသူများကိုလည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် Professional၊ Senior Professional နှင့် Amateur တို့အတွက် အဆင့် ၁ မှ ၃ အထိ ရရှိသူသုံးဦးစီဖြင့် စုစုပေါင်း ကိုးဦးကိုလည်းကောင်း ချီးမြှင့်မည်ဖြစ်သည်။ ဆုကြေးများအဖြစ် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ် ခုနစ်သိန်း၊ ပဉ္စမဆု ငွေကျပ် ငါးသိန်း၊ တစ်ဦးချင်း Professional ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ Senior Professional နှင့် Amateur ပြိုင်ပွဲ နှစ်ခုစလုံးတွင် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနှစ်သင်းစလုံး ယှဉ်ပြိုင်မည့် အသင်းများကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ငွေကျပ် တစ်သိန်းစီ ထောက်ပံ့သွားမည် ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော ကစားသမားများအနေဖြင့် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဖုန်းနံပါတ် ၀၉-၇၇၉၈၄၆၇၆၁ သို့ အမည်စာရင်း ပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ဦးရေကန့်သတ်ထားသောကြောင့် စာရင်းပေးသွင်းရာတွင် သတ်မှတ်ရက်မတိုင်မီ ပြိုင်ပွဲဝင်အရေအတွက် ပြည့်ပါက စာရင်းပိတ်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် ကွင်းနှင့်ပတ်သတ်သော ကုန်ကျစရိတ်များကို မိမိ အစီအစဉ်ဖြင့် ပေးသွင်းရမည် ဖြစ်သည်။ အသင်းခေါင်းဆောင်များ အစည်းအဝေးကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မပျက်မကွက် တက်ရောက်ရမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၇၉၈၄၆၇၆၁သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုညီလေး**

**ကျော့ဖုံးမှ*

၂၄ ဦးကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။ အင်းနရစ်သည် ၎င်းကို ရွေးချယ်လိုက်သောကြောင့် ဘရိုက်တန်ဂိုးသမား ရော်ဘတ်ဆန်းချက်ဇ်၊ လိဒ်စ် ခံစစ်ကစားသမား ဒီယေဂို လော်ရန်တေး၊ ဝုဖ်အသင်းမှ တိုက်စစ်ကစားသမား အက်ဒမာထရာအိုရေးစသည့် ကစားသမားများအပါအဝင် ယခုနှစ်နွေရာသီတွင် ကျင်းပမည့် ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် ပရီမီယာလိဂ်မှ ၁၀ ဦးအထိ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရာမို့စ်သည် မတ်လတွင် ဂရိ၊ ကိုဆိုဗိုတို့နှင့် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ပြင်သစ်အသင်းအတွက် ကစားထားခဲ့ကြောင်း သိရသည်။

**ကစားခွင့်နည်းပါးခဲ့**

ရာမို့စ်ကို ချန်လှပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး နည်းပြ အင်းနရစ်က အခုလိုဆုံးဖြတ်ရတာ အလွန်ခက်ခဲပါတယ်။ ဒါပေမယ့် ရာမို့စ်က ဒီရာသီမှာ ရီးရဲမက်ဒရစ်အသင်းအတွက် ကစားခွင့်နည်းပါးခဲ့တယ်လေ။ သူက ပရော်ဖက်ရှင်နယ်ကစားသမားတစ်ယောက်ဖြစ်ပြီး စပိန်အသင်းကို အများကြီး အထောက်အကူပြုတဲ့ သူတစ်ယောက်ဖြစ်တဲ့အတွက်လည်း အခုလို ချန်လှပ်ခဲ့ရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ အသင်းအတွက် ကြံ့ခိုင်မှုပြည့်ဝပြီး အကောင်းဆုံးကစားသမားတွေကို ရွေးချယ်ရမယ်လေ ဟု ပြောကြားသည်။

**တစ်အုပ်စုတည်း ကျရောက်နေ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရသည့် ယူရို ၂၀၂၀ ပြိုင်ပွဲကို လာမည့် ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ စပိန်အသင်းသည် အုပ်စု (E) တွင် ပိုလန်၊ စလိုဗက်ကီးယားနှင့် ဆွီဒင်အသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်နေသည်။

**ရွေးချယ်ထား**

ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် စပိန်အသင်း၌ ရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုးသမားများအဖြစ် ဆီမွန်၊ ဒီဂီယာ၊ ဆန်းချက်ဇ်၊ ခံစစ်တွင် ဂါယာ၊ အယ်ဘာ၊ တောရက်စ်၊ လာပေါ်တေး၊ ဂါစီယာ၊ လော်ရန်တေး၊ အက်စ်ပက်လီကျူတာ၊ ကွင်းလယ်တွင် ဘတ်စ်ကွက်၊ ရိုဒရီ၊ ပီဒရီ၊ အယ်ကန်တာယာ၊ ကိုကီ၊ ရူးစ်၊ မားကို့စ် လော်ရန်တေး၊ တိုက်စစ်တွင် အိုလ်မို၊ အိုယာဇာဘာယ်၊ မိုရာတာ၊ မိုရီနို၊ ဖာရန်တောရက်စ်၊ ထရာအိုရေး၊ ဆာရာဘီယာစသည့် ကစားသမားများကို ရွေးချယ်ထားသည်။

**အောင်ဇော်**

*●ကျော့ဖုံးမှ*

ကျင်းပရန် စီစဉ်ထားပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်အဖြစ် အဆင့်နှစ်ဆင့်ခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ယခင်က ယင်းခြေစစ်ပွဲနှစ်ခုကို မတ်နှင့် ဧပြီလတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နှစ်ကုန်ပိုင်းသို့ ရွှေ့ဆိုင်းထားသော်လည်း ရောဂါထိန်းချုပ်နိုင်ခြင်း မရှိသေးသောကြောင့် ခြေစစ်ပွဲ ကျင်းပမည့်ကာလကို ပြန်လည်အတည်ပြုရန် စီစဉ်နေခြင်းဖြစ်သည်။

အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို စက်တင်ဘာ ၁၈ ရက်မှ ၂၆ ရက်၊ ဒုတိယအဆင့်ကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ကို မြန်မာအပါအဝင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို မြန်မာအပါအဝင် ဩစတြေးလျ၊ တရုတ်၊ တရုတ် (တိုင်ပေ)၊ လာအို၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်နိုင်ငံတို့က လက်ခံကျင်းပခွင့်ရထားပြီး ပထမအဆင့်ကို ဩဂုတ် ၁၄ ရက်မှ ၂၂ ရက်၊ ဒုတိယအဆင့်ကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအပြည်ပြည်ဆိုင်ရာလှေနှင့် ကနူးကယက်ကစားသမားများ လေ့ကျင့်ပြင်ဆင်နေ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး/ကယက်လှေအားကစားသမားများ ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲအမျိုးအစားနှစ်ခုအတွက် ပဏာမကစားသမား ၃၀ ကျော် ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ကနူး/ကယက်အဖွဲ့မှာ တရုတ်နိုင်ငံတွင် သွားရောက်လေ့ကျင့်နေပြီဖြစ်သလို အပြည်ပြည်ဆိုင်ရာလှေအဖွဲ့မှာလည်း ဇွန်လတွင် ထပ်မံသွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲအမျိုးအစား နှစ်ခုစလုံးအတွက် နိုင်ငံခြားသားနည်းပြများ ငှားရမ်းလေ့ကျင့်ရန် စီစဉ်လျက်ရှိပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်တွင် လာရောက်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာကနူးကယက်အဖွဲ့တွင် ကစားသမား ၁၇ ဦးလိုက်ပါသွားပြီး အပြည်ပြည်ဆိုင်ရာလှေအဖွဲ့တွင် ကစားသမားခုနစ်ဦး ပါဝင်မည်ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့တွင် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားဟောင်းများ ပါဝင်လာသလို ကစားသမားသစ်များလည်း ရွေးချယ်ခံထားရသည်။

မြန်မာလှေလှော်အဖွဲ့သည် အားအသာဆုံး ပြိုင်ပွဲအမျိုးအစားဖြစ်သည့် ရိုးရာလှေပြိုင်ပွဲမပါဝင်သော်လည်း ထည့်သွင်းကျင်းပမည့် ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတို့တွင် အောင်မြင်မှုရယူနိုင်ရန် ရည်မှန်းချက်ထား ပြင်ဆင်လျက်ရှိသည်။ ၂၀၂၁ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ လှေလှော်အားကစားနည်းတွင် ရွှေတံဆိပ် စုစုပေါင်း ၃၅ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၆ ခု၊ ကနူးကယက်လှေပြိုင်ပွဲမှ ရွှေတံဆိပ် ၁၉ ခု ချီးမြှင့်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ဘီလာရုစ်လေကြောင်းလိုင်းများ အီးယူလေပိုင်နက်အပေါ်တွင် ပျံသန်းခွင့်ကို ဥရောပသမဂ္ဂမှ ပိတ်ပင်



လေယာဉ်ကို ဆင်းသက်ခိုင်းကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗုံးရှာဖွေနေစဉ်။

**မင့်စ် မေ ၂၅**

ဥရောပသမဂ္ဂသည် ဘီလာရုစ်လေကြောင်းလိုင်းများ အီးယူလေပိုင်နက်မှ ပျံသန်းခွင့်ကို ပိတ်ပင်ရန် သဘောတူညီမှုရရှိပြီဟု သိရသည်။

ဘီလာရုစ် အာဏာပိုင်များက ခရီးသည်တင် လေယာဉ်ကို အစီအစဉ်မရှိဘဲ ချက်ချင်းဆင်းသက်ရန် ခိုင်းစေခဲ့သည့်အတွက် ယခုလိုပြုလုပ်ခြင်းဖြစ်သည်။ လေယာဉ်ဆင်းသက်ရပြီးနောက် အတိုက်အခံ ဂျာနယ်လစ် ရိုမန် ပရိုတက်ရှမစ်မှာ ဖမ်းဆီးခံခဲ့ရသည်။ ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် မေ ၂၄ ရက်တွင် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အစည်းအဝေးထိုင်ခဲ့ကာ ယင်းဖြစ်ရပ်ကို ရှုတ်ချခဲ့ပြီး ဖမ်းဆီးခံထားရသူကို ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ကြီးသည် ဘီလာရုစ်နိုင်ငံမှ လေကြောင်းလိုင်းများ ဥရောပသမဂ္ဂ (အီးယူ) လေပိုင်နက်ကို အသုံးပြုခွင့်ပိတ်ဆို့ရန် ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

အီးယူအခြေစိုက် လေယာဉ်များလည်း ဘီလာရုစ် နိုင်ငံပေါ် ဖြတ်ကျော်ပျံသန်းခြင်းကို ရှောင်ရှားကြရန် တိုက်တွန်းထားသည်။ ဘီလာရုစ်အာဏာပိုင်များက ပါလက်စတိုင်းရှိ စစ်သွေးကြွအုပ်စုထံမှ ဗုံးဖောက်ခွဲမှုရှိမည်ဟု ခြိမ်းခြောက်မှုရရှိခဲ့သည့်အတွက် လေယာဉ်ကို အရေးပေါ်ဆင်းသက်ခိုင်းရခြင်း ဖြစ်ကြောင်း၊ လုံခြုံရေးအတွက် လိုအပ်သောကြောင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ခုခံကာကွယ်ပြောဆိုခဲ့သည်။

အဆိုပါလေယာဉ်ပေါ်တွင် မည်သည့်ပေါက်ကွဲရေးပစ္စည်းကိုမျှ မတွေ့ခဲ့ရချေ။ ယင်းလေယာဉ်သည် ဂရိမှ လစ်သူယေးနီးယားသို့ ပျံသန်းသည့် လေယာဉ်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံရှိ ကုန်တိုက်ကြီးများ ဆက်လက်ရပ်တည်နိုင်ရေး ရုန်းကန်နေရ

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံ ကုန်တိုက်ကြီးများတွင် ဈေးရောင်းချမှုမှာ လွန်ခဲ့သည့်လ အတွင်းမှစတင်ကာ ပြန်လည် တိုးတက်လာသော်လည်း ကပ်ရောဂါမတိုင်မီက အခြေအနေမျိုး ပြန်မရောက်နိုင်သေးပေ။

ဝယ်သူများမှာ နေအိမ်၌သာ နေရသေးသည့်အတွက် ကပ်ရောဂါမတိုင်မီက ရောင်းအားမျိုး ပြန်လည်ရရှိရန် လိုအပ်နေသေးသည်။

စတိုးဆိုင်ပေါင်း ၁၉၂ ခုပေါ် အခြေခံကာ စစ်တမ်းကောက်ယူကြည့်ရာတွင် လွန်ခဲ့သည့်နှစ် ဧပြီလကထက် ရောင်းအားနှစ်ဆခွဲ တိုးတက်လာသည်ဟု ဂျပန်ကုန်တိုက်ကြီးများ အသင်းက ပြောသည်။

ထိုစဉ်က ဂျပန်နိုင်ငံတွင် ပထမဆုံး ကိုဗစ် -၁၉ အရေးပေါ်ကာလအဖြစ် ကြေညာထားသည့်အတွက် ဈေးဆိုင်များမှာ စောစောပိတ်ရပြီး ယာယီပိတ်ထားရမှုများလည်းရှိသည့်အတွက် ရောင်းအားမှာ ကျဆင်းခဲ့ရသည်။ ကပ်ရောဂါမတိုင်မီ နှစ်နှစ်ခန့်အချိန်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ရောင်းအားမှာ ၂၈ ရာခိုင်နှုန်း ကွာခြားနေဆဲဖြစ်သည်။

အခြေအနေများမှာ စိန်ခေါ်မှုများနှင့် ဆက်လက်ကြုံတွေ့ရဖွယ်ရှိပြီး အချို့သောဈေးဆိုင်များမှာလည်း တခြားသောနည်းလမ်းပြောင်းကာ ရောင်းချနေရသည်။ ဥပမာအားဖြင့် အွန်လိုင်းမှ တိုက်ရိုက်ရောင်းချမှုမျိုး လုပ်ကိုင်ကြရသည်ဟု သိရသည်။


ဂျပန်နိုင်ငံမှ ကုန်တိုက်ကြီးတစ်ခုကို တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ရှိ ဩစတြေးလျသံရုံးကို ပိတ်သိမ်းတော့မည်

**ကင်ဘာရာ မေ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်တွင် ဖွင့်လှစ်ထားသည့် ဩစတြေးလျသံရုံးကို ပိတ်သိမ်းတော့မည်ဟု သိရသည်။

ယခုနှစ် နှောင်းပိုင်းတွင် ဩစတြေးလျတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာတော့မည်ဖြစ်သည်။

မေ ၂၅ ရက်တွင် ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်နှင့် နိုင်ငံခြားရေးဝန်ကြီး မာရိုက်စ်ပိန်းက သံရုံးအဆောက်အအုံကို မေ ၂၈ ရက်တွင် ပိတ်သိမ်းတော့မည်ဟု ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း နေထိုင်မှုနှင့် အာဖဂန်နစ္စတန် ကဘူးလ်ရှိ သံရုံးတို့ကို ယင်းအချိန်မှစတင်၍ ပိတ်တော့မည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

ယခုနှစ် စက်တင်ဘာလအတွင်း ဩစတြေးလျတပ်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာတော့မည်ဟု ဧပြီလအတွင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဩစတြေးလျရုပ်သံ ကော်ပိုရေးရှင်း၏ ပြောကြားချက်အရ အာဖဂန်နစ္စတန်တွင် ဩစတြေးလျသံရုံးကို ၂၀၀၆ ခုနှစ်ကတည်းက ဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၀၀၅ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် မေ ၂၅**

အီရန်နိုင်ငံတွင် နောက်ထပ် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၁၀၀၅ ဦးကို မေ ၂၄ ရက်က ထပ်မံတွေ့ရှိခဲ့ရာ တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူ ၂၈၄၃၅၂၃ ဦး ရှိသည်ဟု သိရသည်။

ကပ်ရောဂါကြောင့် အီရန်နိုင်ငံတွင် သေဆုံးမှု စုစုပေါင်း ၇၈၈၄၈ ဦး ရှိလာပြီဖြစ်သည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၂၃၄၇၇၅၂ ဦးရှိသည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၄၇၅၃ ဦးရှိသည်ဟု ဝန်ကြီးဌာနက ပြောသည်။

တိုင်းပြည်တစ်ဝန်း ဆေးစစ်မှုပေါင်း ၁၉၀၅၄၅၂၁ ဦးလုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ မေ ၂၄ ရက်တွင်လည်း လူပေါင်း ၂၆၀၈၁၈၂ ဦးကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**


အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

# အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်

**ဝါရှင်တန် မေ ၂၅**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အစ္စရေး၊ အနောက်ဘက်ကမ်း၊ အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံတို့သို့ သွားရောက်သည်ဟု သိရသည်။

အစ္စရေးနှင့်ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမက်စ်တို့ကြား အပစ်အခတ်ရပ်စဲရေး ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် အရှေ့အလယ်ပိုင်းဒေသသို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးမှာ မေ ၂၁ ရက်က စတင်ခဲ့ပြီး ယခုလအစောပိုင်းကာလအတွင်း နှစ်ဖက်စလုံးကြား ကြောက်မက်ဖွယ်အကြမ်းဖက် တိုက်ခိုက်မှုကို အဆုံးသတ်ရန် တွန်းအားတစ်ခုဖြစ်ခဲ့သည်။

အီဂျစ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ မေတ္တာရပ်ခံမှုဖြင့် ကြားဝင်စေ့စပ်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်မှာ ဂျေရုဆလင်သို့ သွားရောက်မည်ဟု မေ ၂၄ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မေ ၂၄ ရက်မှ ၂၇ ရက်အထိ ဂျေရုဆလင်၊ ကိုင်ရိုနှင့် အမ္မန်မြို့တို့သို့ သွားရောက်မည်ဟု ဖော်ပြထားသည်။

ထိုသို့သွားရောက်စဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့နှင့် သီးခြားစီတွေ့ဆုံမည်ဟု ပြောသည်။

အပစ်အခတ်ရပ်စဲရေးခိုင်မာစေရေးနှင့် လာမည့်လများအတွင်း ပဋိပက္ခများ လျှော့ချနိုင်ရေးတို့အတွက် ဘလင်ကန်မှ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟုလည်း ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အာရှ-ပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သေဆုံးမှုများ မြင့်တက်လာမှုနှင့်အတူ အိန္ဒိယတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၇ သန်းနီးပါးတိုးလာ

ဟောင်ကောင် မေ ၂၅

**အာရှ-ပစိဖိတ်နိုင်ငံများတွင် မေ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုများနှင့် သေဆုံးမှုများ ပိုတိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ယင်းအပေါ် နိုးကြားသတိအမြဲရှိနေကြသည်။**



**အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကိုတွေ့ရစဉ်။**

**အိန္ဒိယ**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၆၄၂၇ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၂၆၉၄၈၈၇၄ ဦး အထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

တစ်လခွဲကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တစ်ရက်အတွင်း ၂၀၀၀၀၀ အောက် ပထမဆုံးကျဆင်းလာခြင်းဖြစ်သည်။

မေ ၂၄ ရက်နံနက်ပိုင်းမှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၃၅၁၁ ဦးထပ်မံသေဆုံးခဲ့မှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူပေါင်းမှာ ၃၀၇၂၃၁ ဦးရောက်ရှိလာခဲ့သည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း သေဆုံးသူ တစ်ရက်အတွင်း ၄၀၀၀ အောက်ကျဆင်းခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အသွားအလာကန့်သတ်ပိတ်ဆို့မှုများ၊ တစ်စိတ်တစ်ပိုင်းသို့မဟုတ် အပြည့်အဝ ကန့်သတ်ပိတ်ဆို့မှုများကို ပြည်နယ်အများစုတွင် ကျင့်သုံးခဲ့သောကြောင့် ယခုလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူနှင့် သေဆုံးသူအရေအတွက်များ ကျဆင်းခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ လတ်တလောတွင် ၂၅၈၆၇၈၂ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီက ကူးစက်ဖြစ်ပွားသူ ၁၃၃၉၃၄ ဦးကျဆင်းခဲ့သည်။

**ဖိလစ်ပိုင်**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၇၂ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၁၈၈၆၇၂ ဦးဖြစ်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကပ်ရောဂါဖြင့် နောက်ထပ် ၃၆ ဦးထပ်မံသေဆုံးမှုနှင့်အတူ နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်းမှာ ၂၀၀၁၉ ဦးရှိလာကြောင်း ကျန်းမာရေးဌာနက ဆက်လက်ဖော်ပြထားသည်။

**ထိုင်း**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၂၆ ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၆ ဦးအထိရောက်ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၉ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၂၃၂၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်သည်။ နောက်ထပ် ၈၈၂ ဦးမှာ အကျဉ်းထောင်မှကူးစက်မှုဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြထားသည်။

မေ ၂၅ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၅၄၃၉ ဦးတိုးလာသလို သေဆုံးသူပေါင်းမှာလည်း ၈၃၂ ဦးအထိ ဖြစ်လာခဲ့သည်။

လတ်တလောတွင် ကိုဗစ်-၁၉ လူနာ ၄၅၄၁၃ ဦး ဆေးရုံများတွင် ဆေးကုသမှု ခံယူလျက်ရှိပြီး ၎င်းတို့အနက် ၁၁၈၇ ဦးမှာ ရောဂါပြင်းထန်ကြောင်း သိရသည်။

**ပါကစ္စတန်**

ပြင်းထန်သည့်ကန့်သတ်ချက်များကို တောင်ပိုင်းဆင်းဒ်ပြည်နယ်ပြဋ္ဌာန်းထားချိန်၌ ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၅၃ ဦးရှိကြောင်းနှင့် သေဆုံးသူ ၆၂ ဦးရှိကြောင်း အမျိုးသားကြီးကြပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးစင်တာက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉၀၅၈၅၂ ဦး ရှိလာသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှဆင်းလာသူ ၈၂၃၁၅၇ ဦးလာပြီး လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၆၂၂၉၅ ဦး ရှိကြောင်း သိရသည်။

တစ်နေ့အတွင်း ကိုဗစ်-၁၉ ဆန်းသပ်စစ်ဆေးမှု ၈၃၃၈ ခုကို ပြုလုပ်ခဲ့ရာ ၈၄၀ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၆၇၇၄၃ ဦး ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း လူပေါင်း ၂၂၃ ဦး ပြန်လည်ကျန်းမာလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သွားသူ ၅၆၅၁၈ ဦး ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၁၉ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူပေါင်းမှာ ၂၈၅၅ ဦး ရှိလာခဲ့ကြောင်း ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**တောင်ကိုရီးယား**

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၁၆ ဦးရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၃၆၉၈၃ ဦး ရှိလာခဲ့သည်။

အသစ်ထပ်မံ ကူးစက်ဖြစ်ပွားသူများအနက် ၁၃၇ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၃၂ ဦးမှာ ဂျီဂီပြည်နယ်မှဖြစ်သည်။ ပြည်ပကူးစက်သူ ၃၅ ဦး အပါအဝင် စုစုပေါင်း ပြည်ပကူးစက်သူပေါင်း ၈၉၄၃ ဦးရှိလာသည်။

နောက်ထပ် လေးဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ ၁၉၃၈ ဦး ရှိလာခဲ့သည်။

**သီရိလင်္ကာ**

နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို တားဆီးရန် သီရိလင်္ကာနိုင်ငံတွင် သောကြာနေ့က ချမှတ်ခဲ့သော နိုင်ငံအနှံ့ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို ဇူလိုင် ၇ ရက်အထိ ထပ်မံတိုးမြှင့်ရန် အာဏာပိုင်များက မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို မေ ၂၈ ရက်တွင် ရုပ်သိမ်းရန် ယခင်က စီစဉ်ခဲ့သည်။

အဝေးပြေးလမ်းမကြီးများဆိုင်ရာ ဝန်ကြီး ဂျွန်စတန်ဖာနန်ဒိုက ကိုလံဘီယာရှိ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကန့်သတ်ပိတ်ဆို့မှုများကို ဇွန် ၇ ရက်အထိ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်သော်လည်း အိမ်ထောင်စုတစ်စုမှ လူတစ်ဦး အနီးဆုံးကုန်စုံဆိုင်တွင် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် မေ ၂၅ ရက်၊ မေ ၃၁ ရက်နှင့် ဇွန် ၄ ရက် နေ့များတွင် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ယာဉ်များဖြင့် ခရီးသွားလာခွင့် ပြုမည်မဟုတ်ကြောင်း၊ အိမ်မှထွက်ခွာသွားသူများအနေဖြင့် လိုချင်တာဝယ်ပြီး အိမ်သို့ တန်းပြန်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးဆိုင်သွားချင်သူများကိုလည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်ပြောသည်။ သီရိလင်္ကာနိုင်ငံ၌ လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်။ လွန်ခဲ့သောလက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိကြောင်း တရားဝင်စာရင်းအချက်အလက်များအရ သိရသည်။ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ စုစုပေါင်းကူးစက်ဖြစ်ပွားသူ ၁၆၄၂၀၁ ဦး ရှိပြီး ၁၂၁၀ ဦး ကိုဗစ်-၁၉ ဖြင့်သေဆုံးခဲ့သည်။

**ဆင်ဟွာ**



**သီရိလင်္ကာတပ်ဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ ကိုလံဘိုလေဆိပ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။**

# အမေရိကန်နိုင်ငံသားများကို ဂျပန်နိုင်ငံသို့ ခရီးသွားလာခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် မေ ၂၅**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ အခြေအနေများကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသားများကို ဂျပန်နိုင်ငံကို ခရီးသွားလာခြင်းမပြုရန် ပြင်းထန်စွာ သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်က မေ ၂၄ ရက်တွင် ၎င်း၏ အဆင့်လေးဆင့်ရှိသည့် ခရီးသွားလာခြင်းဆိုင်ရာ အကြံပေးချက်အဆင့်ကို အမြင့်ဆုံးအဆင့် အဆင့်-၄ ခရီးသွားလာခြင်းမပြုရကို သတ်မှတ်ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

ခရီးသွားများအနေဖြင့် ဂျပန်နိုင်ငံသို့ ခရီးသွားလာခြင်းများ မပြုလုပ်ဘဲ ရှောင်ရှားရန် အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (စီဒီစီ) က သတင်းထုတ်ပြန် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ လက်ရှိ ကိုဗစ်-၁၉ အခြေအနေများက ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံထားသူများတောင် ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ခံရပြီး အသက်အန္တရာယ်ရှိနိုင်ကြောင်း စီဒီစီက သတိပေးထားသည်။ အဆိုပါသတိပေးချက်က နွေရာသီအိုလံပစ်ပြိုင်ပွဲများကျင်းပရန် ကြိုးစားနေသော ဂျပန်နိုင်ငံအတွက် ထိုးနှက်ချက်တစ်ခုဖြစ်နေသည်။ မေ ၂၄ ရက်အထိ နိုင်ငံနှင့်ဒေသပေါင်း ၁၅၀ ခန့်ကို ခရီးသွားလာခြင်းဆိုင်ရာ သတိပေးချက်အမြင့်ဆုံး စာရင်းထဲတွင် တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄ ဦး တွေ့ရှိ

## (၂၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၃,၅၄၉) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၉၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၂၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၁၈) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၀၇) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၉) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၇၂) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၇၁) ခု | (၃) ဦး |
| စုစုပေါင်း | (၁,၉၂၃) ခု | (၃၄) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂၅-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၉၂၂၉၉၈ | ၂၇၅၆၃၉၃၀ | ၆၀၄၄၁၈ |
| ၂။ | အိန္ဒိယ | ၂၆၉၈၂၂၈၂ | ၂၄၀၈၈၃၂၀ | ၃၀၇၇၀၃ |
| ၃။ | ဘရာဇီး | ၁၆၁၂၁၁၃၆ | ၁၄၅၅၂၀၂၄ | ၄၅၀၀၂၆ |
| ၄။ | ပြင်သစ် | ၅၆၀၅၈၉၅ | ၅၂၂၀၄၉ | ၁၀၈၆၅၈ |
| ၅။ | တူရကီ | ၅၁၉၄၀၁၀ | ၅၀၃၄၃၁၆ | ၄၆၄၄၆ |
| ၆။ | ရုရှား | ၅၀၁၇၇၉၅ | ၄၆၃၂၉၅၅ | ၁၁၉၁၉၄ |
| ၇။ | ဗြိတိန် | ၄၄၆၄၉၀၀ | ၄၃၀၃၆၂၁ | ၁၂၇၇၂၄ |
| ၈။ | အီတလီ | ၄၁၉၄၆၇၂ | ၃၇၉၂၈၉၈ | ၁၂၅၃၃၅ |
| ၉။ | ဂျာမနီ | ၃၆၆၀၅၄၇ | ၃၄၂၃၇၀၀ | ၈၈၀၅၄ |
| ၁၀။ | စပိန် | ၃၆၄၇၅၂၀ | ၃၃၉၄၃၄၀ | ၇၉၇၁၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ - ၅ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၈၆၁၈၇ | ၁၆၄၂၀၇၄ | ၄၉၆၂၇ |
| ဖိလစ်ပိုင် | ၁၁၈၈၆၇၂ | ၁၁၂၀၄၅၂ | ၂၀၀၁၉ |
| မလေးရှား | ၅၂၅၈၈၉ | ၄၆၀၀၆၂ | ၂၃၆၉ |
| မြန်မာ | ၁၄၃၂၉၆ | ၁၃၂၂၂၉ | ၃၂၁၆ |
| ထိုင်း | ၁၃၅၄၃၉ | ၈၉၁၉၄ | ၈၃၂ |
| စင်ကာပူ | ၆၁၈၉၀ | ၆၁၃၂၉ | ၃၂ |
| ကမ္ဘောဒီးယား | ၂၆၃၂၉ | ၁၉၀၂၂ | ၁၈၃ |
| ဗီယက်နမ် | ၅၆၂၀ | ၂၇၉၄ | ၄၄ |
| လာအို | ၁၈၇၈ | ၁၁၈၀ | ၂ |
| ဘရူနိုင်း | ၂၃၆ | ၂၂၅ | ၃ |

## စားသုံးဆီတင်သွင်းခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ပိုမိုစနစ်တကျဖြစ်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၅**

စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ သုံးစွဲနိုင်ရေးအတွက် စားသုံးဆီတင်သွင်းခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများ ပိုမိုစနစ်တကျ ဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက နိုင်ငံအတွင်း စားသုံးဆီသုံးစွဲမှုမှာ တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ၂ သန်းခန့် သုံးစွဲလျက်ရှိပြီး ထုတ်လုပ်မှုမှာ တန်ချိန် လေးသိန်းဝန်းကျင်ခန့်ရှိသဖြင့် ပြည်ပမှနှစ်စဉ် တန်ချိန် ရှစ်သိန်းခန့် တင်သွင်းနေရကြောင်း၊ ပြည်ပမှ တင်သွင်းသည့်စားသုံးဆီများ နိုင်ငံတော်မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်း အရည်အသွေးများနှင့်အညီ ဖြစ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူ သုံးစွဲနိုင်ရေးအတွက် ကျရာကဏ္ဍမှနေ၍ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြ သူများက စားသုံးဆီ လက်ကားဖြန့်ဖြူးခြင်းနှင့် ဈေးကွက်အတွင်း လက်လီရောင်းချမှုများ ပိုမိုစနစ်တကျ ဖြစ်စေရေးအတွက် အချိန်ကာလအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ပမှ ဆီတင်သွင်း ဖြန့်ဖြူးနေသည့် ကုမ္ပဏီများ တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေ လ ၂၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၉၁၈၇၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၈၈၀၅၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၀၅၃၀ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၈၉၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၃၉၁၄ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မိုင်းတုံမြို့နယ် | ၆၄ | ၄၇၆၈၇ | ၄၁၉၂၅ | ၁၈၄၈၉ | ၂၈၅ | ၃၃၀၂ |
| ၂ | မူဆယ်မြို့နယ် | ၉၉ | ၁၁၅၇၁၆ | ၈၁၆၄၆ | ၁၉၇၈၆ | ၁၃၃၂ | ၁၁၄၇၂ |
| ၃ | ကွတ်ခိုင်မြို့နယ် | ၁၂၈ | ၁၂၈၁၈၂ | ၈၂၈၉၈ | ၄၅၅၀၁ | ၁၀၀၈ | ၉၇၇၄ |
| ၄ | မိုင်းခတ်မြို့နယ် | ၂၇ | ၁၆၈၃၁ | ၂၃၀၁၅ | ၂၁၇၄ | ၇၉ | ၁၃၇၀ |
| ၅ | ကျိုင်းတုံမြို့နယ် | ၁၂၀ | ၁၂၈၆၁၂ | ၁၂၉၆၃၆ | ၁၂၈၂၉ | ၁၂၄၅ | ၁၄၂၇၂ |
| ၆ | မိုင်းရယ်မြို့နယ် | ၄၅ | ၄၈၆၇၉ | ၃၅၀၅၇ | ၂၁၉၁၅ | ၄၅ | ၁၇၆၈ |
| ၇ | ဆီဆိုင်မြို့နယ် | ၉၃ | ၁၀၆၁၆၃ | ၉၃၈၈၀ | ၉၈၃၆ | ၉၀၂ | ၁၁၉၅၆ |
| | စုစုပေါင်း | ၅၇၆ | ၅၉၁၈၇၀ | ၄၈၈၀၅၇ | ၁၃၀၅၃၀ | ၄၈၉၆ | ၅၃၉၁၄ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၅၇၆ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၄၂၉၂၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၇၃၈၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၅၅၃၈၊ မြေပြင်လက်ကျန် ၂၉၆၉၀၇ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၅၃၄၆ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၇၁၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မိုင်းတုံမြို့နယ် | ၆၄ | ၄၉၇၀၈ | ၂၉၇၈၆ | ၁၉၉၂၂ | ၁၉၉၀၁ | ၂၁၀ | ၁၈၉ |
| ၂ | မူဆယ်မြို့နယ် | ၉၉ | ၁၂၀၅၅၀ | ၆၁၇၉၀ | ၅၈၇၆၀ | ၅၆၂၃၇ | ၄၅၇၈ | ၂၀၅၅ |
| ၃ | ကွတ်ခိုင်မြို့နယ် | ၁၂၈ | ၁၄၆၉၇၀ | ၅၉၄၅၂ | ၈၇၅၁၈ | ၈၅၅၆၀ | ၂၄၈၄ | ၅၂၆ |
| ၄ | မိုင်းခတ်မြို့နယ် | ၂၇ | ၂၀၄၆၅ | ၇၉၈၆ | ၁၂၄၇၉ | ၁၁၆၂၃ | ၉၄၃ | ၈၇ |
| ၅ | ကျိုင်းတုံမြို့နယ် | ၁၂၀ | ၁၄၀၄၉၈ | ၆၉၅၇၉ | ၇၀၉၁၉ | ၆၉၃၅၉ | ၃၈၀၉ | ၂၂၄၉ |
| ၆ | မိုင်းရယ်မြို့နယ် | ၄၅ | ၅၄၃၂၇ | ၂၇၆၃၉ | ၂၆၆၈၈ | ၂၅၀၇၂ | ၂၅၂၇ | ၉၁၁ |
| ၇ | ဆီဆိုင်မြို့နယ် | ၉၃ | ၁၁၀၄၀၈ | ၈၁၁၅၆ | ၂၉၂၅၂ | ၂၉၁၅၅ | ၇၉၅ | ၆၉၈ |
| | စုစုပေါင်း | ၅၇၆ | ၆၄၂၉၂၆ | ၃၃၇၃၈၈ | ၃၀၅၅၃၈ | ၂၉၆၉၀၇ | ၁၅၃၄၆ | ၆၇၁၅ |

*စာမျက်နှာ ၁၆ သို့*



မူဆယ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ကွတ်ခိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

■ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၉၁၈၇၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၈၈၀၅၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၀၅၃၀ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၈၉၆ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၃၉၁၄ ဦး ဖြစ်



မိုင်းရယ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဆီဆိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၅ မှ*

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၀၃၈၁၃ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၁၃၀၅၃၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ “ **အခန်း(၆) မဲစာရင်း ပြုစုခြင်း** ”ပါ **ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၈၉၆ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၃၉၁၄ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ မူဆယ်မြို့နယ်၊ တုံအော်ကျေးရွာအုပ်စု၊ ဖောင်းဆိုင်ကျေးရွာအုပ်စုနှင့် နမ့်လာဟော့ ကျေးရွာအုပ်စုများ၏ မဲရုံ ၃ ရုံတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များနှင့် မဲစာရင်းများပါရှိသည့် အိတ်ကြီးများ ပျောက်ဆုံးနေသဖြင့် အဆိုပါမဲရုံများ၏ ဆန္ဒမဲလက်မှတ် အသုံး/ လက်ကျန်စာရင်းများကို ကောက်ယူစိစစ်နိုင်ခဲ့ခြင်း မရှိပါ။

၉။ မိုင်းရယ်မြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့နှင့် မဲရုံအချို့တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ) အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်အပ်နှံထားကြောင်း စိစစ်တွေ့ရှိရပါသည်။ မိုင်းရယ်မြို့နယ်၊ မန်ပုံကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁) တွင် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် အသုံး/ လက်ကျန်များ ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် စာရင်းကောက်ယူစိစစ်နိုင်ခြင်းမရှိပါ။

၁၀။ ဆီဆိုင်မြို့နယ်၊ တဘက်ကျေးရွာအုပ်စု မဲရုံအမှတ်(၄)နှင့် နောင်မွန်ကျေးရွာအုပ်စု မဲရုံ အမှတ်(၁) တို့တွင် အသုံးပြုခဲ့သော မဲစာရင်း ပုံစံ(၁) စာအုပ်များတွင် ဆန္ဒမဲပေးသူများ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဥပဒေ/ နည်းဥပဒေနှင့်မညီသော အမှန်ခြစ်အမှတ်အသားများသာပြုလုပ်၍ ဆန္ဒမဲပေးခွင့်ပြုထားကြောင်း တွေ့ရှိရသည်။ **[အမှန်ခြစ် အမှတ်အသားများ ပြုလုပ်၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၂ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၁။ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံ မြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၄၁၄၆၃ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၃၇၃၈၈ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၄၀၇၅ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၁၅၃၄၆ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၆၇၁၅ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) မဲစာရင်းပုံစံ(၁)စာအုပ်တွင် မဲဆန္ဒရှင်များ၏ လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားများရေးမှတ်၍ မဲလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( စ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၂။ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံ မြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## အမှန်ခြစ် အမှတ်အသားများ ပြုလုပ်၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၂ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

( နည်းဥပဒေ ၄ )

ရှမ်းပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၂ )

မြို့နယ်အမည် - ဆီဆိုင်

မဲဆန္ဒရှင်ပေါင်း (၁၈၅၇) ဦး - ကျား (၈၉၀) ဦး - မ (၉၆၇) ဦး

မဲရုံအမှတ် (၁)၊ (နယ်မြေ(၂)၊(၃)၊ ကံသာဦးဆည်မြောင်းကျေးရွာ)(နောင်မွန်အုပ်စု)

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၃၅၇ | ဦးအေးအောင် | ကျား | ၀၇-၀၄-၁၉၅၃ | ၁၃/ဆဆန(နိုင်)၀၁၄၃၂၉ | ဦးပြေသိန်း | ဒေါ်တင်ကြည် | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၃၅၈ | ဒေါ်သန်းသန်းအေး | ကျား | ၀၇-၀၈-၁၉၅၈ | ၁၃/ဆဆန(နိုင်)၀၁၃၀၅၁ | ဦးမောင်ကျော် | ဒေါ်ခင်ပု | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၃၅၉ | ဦးသီဟအောင် | ကျား | ၂၂-၅-၁၉၈၇ | ၁၃/ဆဆန(နိုင်)၀၅၀၄၁၈ | ဦးအေးအောင် | ဒေါ်သန်းသန်းအေး | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၃၆၀ | ဦးကောင်းမြတ်အောင် | ကျား | ၁၁-၁၀-၁၉၈၀ | ၁၃/ဆဆန(နိုင်)၀၃၀၇၃၈ | ဦးအေးအောင် | ဒေါ်သန်းသန်းအေး | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၃၆၁ | ဦးဇော်ထွန်းအောင် | ကျား | ၁၀-၀၃-၁၉၉၀ | ၁၃/ဆဆန(နိုင်)၀၅၄၅၄၅ | ဦးအေးအောင် | ဒေါ်သန်းသန်းအေး | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၃၆၂ | ဒေါ်ထွေးကြည် | မ | ၂၈-၈-၁၉၈၀ | ၁၃/ဆဆန(နိုင်)၀၃၀၆၅၈ | ဦးဆံလွန်း | ဒေါ်နန်းယုံ | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၆၃ | ဒေါ်မောက်ဆိုင် | ကျား | ၂၂-၁၀-၁၉၉၆ | ၁၃/ဟပန(နိုင်)၀၈၅၆၄၂ | ဦးစိုင်းခေါင် | ဒေါ်ဆိုင်အိမ် | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၂ | |
| ၆၄ | ~~ဒေါ်ခင်နွဲ့~~ | ~~မ~~ | ~~၂၂-၃-၁၉၃၆~~ | ~~၁၃/ဆဆန(နိုင်)၀၁၃၀၇၅~~ | ~~ဦးလုံး~~ | ~~ဒေါ်စံတင့်~~ | ~~မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၃~~ | |
| ၆၅ | ဦးဘမြို | ကျား | ၂၃-၇-၁၉၇၅ | ၁၃/ဆဆန(နိုင်)၀၃၉၀၂၅ | ဦးဆံခမ်း | ဒေါ်နန်းကွေ | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၄ | |
| ၆၆ | ဒေါ်နန်းရွှေညော | ကျား | ၁၆-၂-၁၉၇၁ | ၁၃/ဂုစန(နိုင်)၀၇၅၂၅၈ | ဦးစံဝေ | ဒေါ်နန်းပန်း | မရ-၀၁၊ နယ်မြေ(၃)၊ နောင်မွန်ကျေးရွာ၊ ၃၉၄ | |

ဥက္ကဋ္ဌ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့

စာမျက်နှာ - 1/84

အတွင်းရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

(နည်းဥပဒေ ၄)

ရှမ်း ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၁ )

မြို့နယ်အမည်- ဆီဆိုင်

မဲဆန္ဒရှင်ပေါင်း (၁၂၇၅) ဦး - ကျား (၆၂၁) ဦး - မ (၆၅၄) ဦး

မဲရုံအမှတ်(၄)၊(ဝိန်းလုံ၊ဝမ့်ပန်၊နောင်စကာ၊ဝမ့်ဟော၊နောင်ပါရင် ရွာ)( တဘက်အုပ်စု)

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁၀၆၃ | ဦးဆုဝဏ္ဏ | ကျား | ၂၈-၁၁-၁၉၇၈ | ၁၃/ဆဆန(နိုင်)၀၄၁၅၇၄ | ဦးမောင်ဖြူ | ဒေါ်နန်းဗွာ | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၄၉ | |
| ၁၀၆၄ | ဒေါ်နန်းခမ်း | မ | ၂၁-၆-၁၉၇၈ | ၁၃/ဆဆန(နိုင်)၀၄၁၄၇၀ | ဦးစိုင်းသြ | ဒေါ်နန်းတုတ် | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၄၉ | |
| ၁၀၆၅ | ဦးနိုင်းခွန်ပဒ်နီး | ကျား | ၂၀-၅-၂၀၀၀ | | ဦးဆုဝဏ္ဏ | ဒေါ်နန်းခမ်း | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၄၉ | |
| ၁၀၆၆ | ဦးနိုင်းလောဝ်ဆိုင် | ကျား | ၃၀-၄-၂၀၀၂ | ၁၃/ဆဆန(နိုင်)၁၃၅၅၂၀ | ဦးဆုဝဏ္ဏ | ဒေါ်နန်းခမ်း | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၄၉ | |
| ၁၀၆၇ | ဦးပန် | ကျား | ၁၆-၁၂-၁၉၅၃ | ၁၃/ဆဆန(နိုင်)၀၄၁၅၈၁ | ဦးခရေ | ဒေါ်ဂျက်မူ | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၀ | |
| ၁၀၆၈ | ဒေါ်နန်းရွှေလုံ | မ | ၀၈-၁၁-၁၉၈၆ | ၁၃/ဆဆန(နိုင်)၀၉၃၆၆၀ | ဦးပန် | ဒေါ်နန်းလာ | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၀ | |
| ၁၀၆၉ | ဒေါ်နန်းဆာ | မ | ၀၉-၀၂-၁၉၉၂ | ၁၃/ဆဆန(နိုင်)၁၃၀၈၉၇ | ဦးပန် | ဒေါ်နန်းလာ | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၀ | |
| ၁၀၇၀ | ဦးစိုင်းစိုင်း | ကျား | ၀၁-၁၀-၁၉၉၄ | ၁၃/ဆဆန(နိုင်)၀၆၁၀၁၀ | ဦးခမ်း | ဒေါ်နန်းကြည် | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၀ | |
| ၁၀၇၁ | ဦးစိုင်းကြာ | ကျား | ၂၀-၅-၁၉၈၆ | ၁၃/ဆဆန(နိုင်)၀၇၀၉၁၁ | ဦးစိုင်းဝဏ္ဏ | ဒေါ်နန်းရုပ် | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၁ | |
| ၁၀၇၂ | ဒေါ်နန်းငိုင်း | မ | ၀၁-၀၂-၁၉၈၉ | ၁၃/ဆဆန(နိုင်)၀၉၃၇၈၆ | ဦးလုံးကူ | ဒေါ်နန်းငွေ | မရ-၀၄၊ နောင်ပါရင်ကျေးရွာ၊ ၀၅၁ | |

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့

စာမျက်နှာ - 13/62

အတွင်းရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့

ရှမ်းပြည်နယ် အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆(က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၀၃၈၁၃ ဦး ပိုမိုများပြားနေ

■ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက်ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများဆောင်ရွက်ခဲ့

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်　မေ　၂၅**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးရဲလင်းဦး | လက်ထောက်ကထိက၊ အစိုးရနည်းပညာကောလိပ် (မိုးညှင်း)၊ မိုးညှင်းမြို့ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၂ | ဒေါ်ဟေမာန်ဦး | လက်ထောက်ကထိက၊ ဆေးတက္ကသိုလ်(မကွေး)၊ မကွေးမြို့ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်သင်းသင်းမွေး | လက်ထောက်ကထိက၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)၊ ကျောက်ပန်းတောင်းမြို့ | ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ယုယုငွေ | လက်ထောက်ကထိက၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ စစ်ကိုင်းမြို့ | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ခင်သူဇာအေး | အထက်တန်းပြ၊ အထက(ထီသိမ်ရွေး)၊ တောင်ကြီးမြို့ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၆ | ဦးယုဂျင်း | လက်ထောက်ကထိက၊ လွိုင်ကော်တက္ကသိုလ်၊ လွိုင်ကော်မြို့ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၇ | ဦးနေစိုးအောင် | လက်ထောက်ကထိက၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ လွိုင်ကော်မြို့ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်ခင်မို့မို့ | နည်းပြ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်)၊ လွိုင်ကော်မြို့ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်မျိုးမျိုးအောင် | ဦးစီးအရာရှိ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၊ အင်းစိန်မြို့နယ် | ကသာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ သာငွေး | ပါမောက္ခ/ဌာနမှူး၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်　မေ　၂၅**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ဖြူဖြူဝင်း (အထက်တန်းသူနာပြု) | ကော့သောင်းပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဖြူပြာအောင် (အထက်တန်းသူနာပြု) | ဘုတ်ပြင်းပြည်သူ့ဆေးရုံ | သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်နွေရည်မွေး (အထက်တန်းသူနာပြု) | ကော့သောင်းပြည်သူ့ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ဝါဝါဖြိုးကျော် (အထက်တန်းသူနာပြု) | ရေလဲတိုက်နယ်ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်နန်းဆိုင်ဟွမ် (အထက်တန်းသူနာပြု) | နေပြည်တော်ပြည်သူ့ဆေးရုံကြီး | နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၆ | ဒေါ်ယုယုသဲ (သူနာပြု) | ခရမ်းတိုက်နယ်ဆေးရုံ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးထင်လင်း (သူနာပြု) | ကျောက်တံခါးပြည်သူ့ဆေးရုံ | ဝက်လက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးကျော်သူလင်း (သူနာပြု) | အုတ်တွင်းပြည်သူ့ဆေးရုံ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ဝါဝါအောင် (သူနာပြု) | ပျော်ဘွယ်ကြီးပြည်သူ့ဆေးရုံ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးတင်ကျော်ဝင်း (သူနာပြု) | ထန်းတပင်ပြည်သူ့ဆေးရုံ | ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်တွေမြို့ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု လှည့်လည်ကြည့်ရှု

**စစ်တွေ မေ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၄ ရက်က လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျောင်းအပ်နှံနေမှု၊ ဆရာ ဆရာမများက ကျောင်းသားလက်ခံနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းဆောင်များ ကြံ့ခိုင်မှုအခြေအနေ၊ ကျောင်းဆောင်များ ပြုပြင်ရန် လိုအပ်ချက်များနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**




## တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံး ကျောင်းအပ်နှံရေး စတင်လက်ခံဆောင်ရွက်

**တပ်ကုန်း မေ ၂၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မေ ၂၄ ရက်မှ စတင်၍ မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းအားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်လျက်ရှိသည်။

ကျောင်းအပ်လက်ခံဆောင်ရွက်ရာတွင် ကျောင်းအလိုက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက မိမိတို့ တာဝန်ကျရာ ကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို အခမဲ့ ပေးအပ်သည်။

တပ်ကုန်းမြို့နယ်တွင် အထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၄ ကျောင်း၊ မူလတန်းကျောင်း ၅၃ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၆ ကျောင်း စုစုပေါင်း ၁၆၇ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်စိုးလွင်**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ဓေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| **အငယ်တန်း သတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၅- ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၃၅၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၂၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၂၁ | ၇၃၇၉၁၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၁၀၁ | ၃၅၃၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄ | ၂၆၆၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉ | ၂၅၂၀၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၂ | ၆၀၀၀ |

ညီညီ - စုစည်းသည်

# သတင်းအချက်အလက်မှန်တွေနဲ့ ဖွဲ့စည်းထားတဲ့ အကျိုးအကြောင်း အဆိုးအကောင်း စာအုပ်အပေါ် လေ့လာခြင်း

**သော်တာပပလင်း**

**ယနေ့အခြေအနေကို ကမ္ဘာမှာ သတင်းအချက်အလက်နည်းပညာခေတ်လို့ တင်စားကြပါတယ်။ မိမိတို့က နေ့စဉ်နဲ့အမျှ သတင်းတွေကို မီဒီယာ ပလက်ဖောင်း မျိုးစုံကနေ လွယ်လွယ်ကူကူရရှိနိုင်ကြတယ်။**







သတင်းတွေဟာ လူ့အဖွဲ့အစည်းရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သလို သတင်းဟာ မိမိတို့နေ့စဉ် နေမှုထိုင်မှုအလုံးစုံကို ဆုံးဖြတ်ချက်ချဖို့ အကူအညီပေးပါတယ်။ အဝေးဆုံးက အကြောင်းအရာတွေကို အမြန်ဆုံး သိရှိနိုင်သလို ကမ္ဘာကြီးရဲ့အကြောင်းကိုလည်း ကမ္ဘာသားတွေ အားလုံးဆီ ပို့ပေးတယ်။ မိမိပြောလိုတဲ့အရာတွေ၊ မိမိသိလိုတဲ့အရာတွေ၊ မိမိဆင်ခြင်ဆုံးဖြတ်နိုင်မယ့် အထောက်အကူပြု အသိပညာတွေ အားလုံးကို သတင်းတွေကနေတစ်ဆင့် ရရှိကြရတာဖြစ်ပါတယ်။ အဲဒီလိုသတင်းတွေ သိသိလာတာနဲ့အမျှ မိမိတို့ နေထိုင်တဲ့ကမ္ဘာကြီးက ဘယ်လိုလဲဆိုတာကို ပိုပိုပြီး ပုံဖော်လာနိုင်ပါတယ်။

သတင်းတွေပေါ်များလာတာနဲ့အမျှ မှန်ကန်တဲ့ သတင်းအချက်အလက်တွေဖြစ်ဖို့ မိမိတို့ ကြိုးစားကြရပါတယ်။ သတင်းအချက်အလက် မှန်ကန်မှုသာ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေ၊ အသိအမြင်တွေနဲ့ ဆင်ခြင်တုံတရားတွေက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ပြီး ဘဝအတွက် လိုအပ်တဲ့အရာတွေကိုလည်း အလွယ်တကူ ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။

ဒီတစ်ပတ်မှာတော့ စာရေးသူက **"အကျိုးအကြောင်း၊ အဆိုးအကောင်း"**ဆိုတဲ့ ခေါင်းစဉ်နဲ့ ထုတ်ဝေထားတဲ့ စာအုပ်တစ်အုပ်ကို စာချစ်သူတွေအတွက် မိတ်ဆက်ပေးလိုပါတယ်။ ဒီစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ဧပြီလအတွင်းမှာ ထုတ်ဝေထားတာဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ သတင်းစာရှင်းလင်းပွဲမှတ်တမ်းလေးခုကို ပေါင်းစည်း ထုတ်ဝေထားခြင်းပဲဖြစ်ပါတယ်။

အစိုးရရဲ့ တရားဝင်သတင်းစာရှင်းလင်းပွဲတွေဖြစ်တဲ့အတွက် လက်ရှိအချိန်ကာလအတွက် ဆောင်ရွက်ချက်တွေနဲ့ လိုအပ်ချက်တွေ၊ အစိုးရက ဘာကိုပြောချင်တာလဲ၊ လက်ရှိနိုင်ငံတော်ကို ဘယ်လိုအစီအမံတွေနဲ့ သွားနေသလဲ စတာတွေကို အစိုးရဘက်က တာဝန်ရှိသူတွေက ရှင်းလင်းတာဖြစ်ပြီး တစ်ဖက်မှာ ပြည်သူတွေသိလိုတဲ့၊ သိဖို့သင့်တဲ့ အကြောင်းအရာတွေ၊ ပြည်သူတွေဘက်ကနေ အခက်အခဲနဲ့ အစိုးရအပေါ်ထားတဲ့ သဘောထား အမြင်တွေကို သတင်းစာဆရာတွေ၊ မီဒီယာသမားတွေက မေးမြန်းထောက်ပြကြပါတယ်။ ဒီအပေါ်မှာ အစိုးရက သတင်းထုတ်ပြန်ဖို့တာဝန်ရှိသူတွေကနေ ဦးဆောင်ပြီး ပြန်လည်ဖြေကြားတဲ့အစီအစဉ်တွေ ဖြစ်ပါတယ်။

### ဘာ့ကြောင့်ဖတ်သင့်တာလဲ

အစိုးရသတင်းထုတ်ပြန်ရေး တာဝန်ရှိသူတွေနဲ့ စာနယ်ဇင်းသမားတွေအကြား အကြိတ်အနယ် မေးမြန်း၊ ဖြေကြားမှုတွေကနေ ပြည်သူတွေသိသင့်သိထိုက်တဲ့ သတင်းအချက်အလက် အကြောင်းအရာများစွာကိုလည်း စာအုပ်အတွင်း မြင်တွေ့ရမှာဖြစ်ပါတယ်။

မိမိတို့ပြည်သူတွေဟာ သတင်းအချက်အလက်တွေကို စားသုံး(ရယူ)ရာမှာ အရာရာကို ဆန်းစစ်ဝေဖန်တဲ့အမြင်နဲ့ကြည့်ရှုရမှာဖြစ်ပြီး ဘက်ပေါင်းစုံကနေပြန်လည်စစ်ထုတ်ပြီး အမှားနဲ့အမှန်၊ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားပိုင်းဖြတ်ကြရမှာဖြစ်ပါတယ်။ လက်ရှိမှာ မိမိတို့နိုင်ငံဟာ အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေတဲ့ အချိန်ဖြစ်သလို ပဋိပက္ခတွေ၊ အကြမ်းဖက်မှုဖြစ်စဉ်တွေ၊ ဆူပူသောင်းကျန်းမှုတွေကိုလည်း မလွှဲသာ မရှောင်သာ ကြုံနေရပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင်၊ တိုင်းပြည်စီးပွားရေး မယိုင်လဲအောင်၊ တရားဥပဒေစိုးမိုးအောင်နဲ့ ပြည်သူတွေ အေးအေးချမ်းချမ်းရှိအောင်၊ အထူးအားဖြင့်တော့ မိမိတို့အားလုံးမျှော်လင့်နေတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာနဲ့ ဖော်ဆောင်ဖို့အတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းတစ်ရပ်လည်းဖြစ်တာကြောင့် မိမိတို့ပြည်သူများ မဖြစ်မနေဖတ်ရှုသင့်တဲ့ စာအုပ်ဖြစ်တယ်လို့ ညွှန်းဆိုပါရစေ။

> ❒ **သတင်းတွေပေါ်များလာတာနဲ့အမျှ မှန်ကန်တဲ့ သတင်းအချက်အလက်တွေဖြစ်ဖို့ မိမိတို့ ကြိုးစားကြရပါတယ်။ သတင်းအချက်အလက် မှန်ကန်မှုသာ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေ၊ အသိအမြင်တွေနဲ့ ဆင်ခြင်တုံတရားတွေက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ဆန်းစစ်ပြီး ဘဝအတွက် လိုအပ်တဲ့အရာတွေကိုလည်း အလွယ်တကူ ဖြည့်ဆည်းနိုင်မှာဖြစ်**

### လူထုစိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲ

ပရိသတ်စိတ်ဝင်စားမှုအများဆုံးရှိခဲ့တဲ့ သတင်းစာရှင်းလင်းပွဲဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး နှစ်ပတ်ကျော်အကြာ ၁၆-၂-၂၀၂၁ ရက်နေ့မှာ ကျင်းပခဲ့တာပါ။ အဲဒီသတင်းစာရှင်းလင်းပွဲအတွင်းမှာ ပြည်သူများစိတ်ဝင်တစားသိလိုတဲ့ သတင်းအချက်အလက်တွေ အများအပြားမြင်တွေ့ရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနဲ့တစ်ခုအတွင်း မဲမသမာမှုဖြစ်နိုင်တဲ့စာရင်းတွေကိုတပ်မတော်ကနေ စစ်ဆေးတွေ့ရှိခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်တွေနဲ့ ပွင့်လင်းမြင်သာစွာပြသခဲ့တာကိုလည်း မြင်တွေ့နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ဦးဆောင်ရှင်းလင်းခဲ့တာဖြစ်ပြီး နှစ်ပတ်တာအတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို ခြုံငုံပြောကြားခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတွေအနေနဲ့ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဟောင်း ဦးဝင်းမြင့် အပါအဝင် ခေါင်းဆောင်ဟောင်းတွေကို ဖမ်းဆီးထိန်းသိမ်းထားတာ၊ ဥပဒေပုဒ်မတွေနဲ့ တရားစွဲဆိုတာ၊ ဒါက ဥပဒေကို လက်လွတ်စပယ် ကျင့်သုံးတာလားဆိုတဲ့ စွပ်စွဲချက်တွေရှိတယ်ဆိုတဲ့ မေးခွန်းဖြစ်ပြီး ဆန္ဒပြသူတွေကို အင်အားအလွန် အကျွံသုံးတယ်ဆိုတဲ့ မေးခွန်း၊ အနောက်နိုင်ငံများက တပ်မတော်အပေါ် ပိတ်ဆို့အရေးယူမှုအပေါ် မည်သို့ တုံ့ပြန်အရေးယူ ဆောင်ရွက်မလဲ ဆိုတဲ့မေးခွန်း၊ နိုင်ငံတော် သမ္မတဟောင်း ဦးဝင်းမြင့်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့၏ ကျန်းမာရေးအခြေအနေ၊ ၎င်းတို့အား ဖမ်းဆီးထားရသည့်အခြေအနေ စတာတွေကို မေးမြန်းတဲ့အခါမှာလည်း သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်၏ဖြေကြားချက်များကို ဖတ်ရှုလေ့လာခွင့်ရရှိမှာ ဖြစ်ပါတယ်။

ထို့အတူ CDM ဝန်ထမ်းတွေအပေါ် အစိုးရရဲ့ သဘောထားနဲ့ ပြန်လည်စည်းရုံးခေါ်ယူနေတဲ့ အကြောင်းအရာတွေ၊ ကိုဗစ်ကာကွယ်ဆေးအတွက် ဆောင်ရွက်နေတဲ့ အကြောင်းအရာတွေနဲ့ စီးပွားရေး လုပ်ငန်းတွေနဲ့ ယခင်သဘောတူညီချက်တွေကို ဘယ်လိုပုံသဏ္ဌာန်နဲ့ ရှေ့ဆက်မလဲဆိုတာကိုလည်း အတိအလင်း ဖြေကြားခဲ့တာကို သိရှိရမှာပါ။ အထူးသဖြင့် ဘဏ်တွေနဲ့ပတ်သက်ပြီး ယခုစာအုပ်ထုတ်ဝေပြီးတဲ့အချိန်အထိထွက်ပေါ်နေတဲ့ ကောလာဟလတစ်ခုဖြစ်တဲ့ ငွေစက္ကူအချို့ကို သိမ်းမယ်ဆိုတဲ့ အကြောင်းအရာအပေါ်မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မည်သို့ မည်ပုံအာမခံချက်ပေးထားတယ်ဆိုတဲ့ အကြောင်းအရာက မိမိတို့ပြည်သူတိုင်း လေ့လာသင့်တယ်လို့ ထင်မြင်မိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ၏ သံအမတ်ကြီးများသည် နိုင်ငံတကာမှာ သံအမတ်ကြီးအဆင့်ဖြင့် အစုံအလင်ရှိနေသည်ကိုလည်း သတင်းစာ ရှင်းလင်းပွဲမှတ်တမ်းအရ သိခွင့်ရခဲ့ပါတယ်။

### ဒုတိယအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲနှင့် စိတ်ဝင်စားဖွယ်အကြောင်းအရာများ

မတ်လ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းကို လေ့လာကြည့်တဲ့အခါ ပြည်သူစိတ်ဝင်စားမှုမြင့်တက်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းကိုယ်တိုင် ထွက်ဆိုခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ခြောက်သိန်းကျော်နဲ့ အကယ်ဒမီ ရွှေစင် ခုနစ်ပိဿာပေးအပ်ခဲ့တဲ့ အကြောင်းအရာတွေ၊ ပဋိပက္ခအခြေအနေအတွင်းမှာ သေဆုံးသွားတဲ့ သမီးငယ်လေးနှစ်ဦးဖြစ်တဲ့ မမြသွဲ့သွဲ့ခိုင်နဲ့ မကြယ်စင်တို့ သေဆုံးမှုနဲ့ စပ်လျဉ်းတဲ့ ရှင်းလင်းချက်တွေ၊ ဒေသန္တရလက်လုပ်မိုင်းအပါအဝင် ဆူပူအကြမ်းဖက်မှုဆိုင်ရာ လက်နက်ပစ္စည်းတွေအကြောင်းနဲ့ CDM လှုပ်ရှားမှုမှာဦးဆောင်ကြသူတွေ ဖော်ထုတ်ထားတဲ့အကြောင်း စတာတွေကို ရှုထောင့်ပေါင်းစုံက ဖတ်ရှုကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုဖြစ်စဉ်တွေကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းဖော်ထုတ်ခဲ့တာကို မြင်တွေ့ရပြီး မဲမသမာမှုတွေကို သံသယဖြစ်နေတဲ့ ပြည်သူတွေရှိတာကို သတင်းမီဒီယာက မေးမြန်းတဲ့အခါမှာလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်တွေ့ရှိချက်တွေကို သက်သေအနေနဲ့ တင်ပြနိုင်ကြောင်း၊ မဲစာရင်းများနှင့် မဲလက်မှတ်များသည် အမှန်တကယ် တွေ့ရှိရသည့်ဖြစ်စဉ်အမှန်များဖြစ်ကြောင်းနှင့် လာရောက်၍လေ့လာနိုင်ပါကြောင်း ဖြေကြားခဲ့တာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ပတ်သက်ပြီးရှေ့ဆက်သွားမယ့် မူဝါဒ၊ ဘဏ်တွေနဲ့ ပတ်သက်ပြီး စိတ်ပူစရာမလိုကြောင်း ထပ်လောင်းပြောကြားသွားတာတွေကိုလည်း လေ့လာဖတ်ရှုနိုင်ပါလိမ့်မယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားတဲ့ တစ်လကျော်ကာလအတွင်း ပြောင်းလဲတိုးတက်မှုဖြစ်စဉ်တွေ၊ R2P ကို စိုးရိမ်ပူပန်နေကြတဲ့

*စာမျက်နှာ ၂၁ သို့*

## စစ်ကိုင်းတိုင်းဒေသကြီးတွင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က မုံရွာမြို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)တွင် ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းအောင်က အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြု ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ထားဝယ် မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီး ဖွဲ့စည်းထားကြောင်း၊ သဘာဝ ဘေးများတွင် မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေပြိုဘေး စသည့် သဘာဝဘေးများ ကျရောက်လာပါက ကာကွယ်နိုင်ရန်နှင့် ဖြည့်ဆည်းနိုင်ရန် ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု အခြေအနေများနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ဇေယျက သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ကော်မတီများ ဖွဲ့စည်းထားရန် လိုအပ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဇနေဖြူမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ဇနေဖြူ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇနေဖြူမြို့နယ် နယ်မြေခံတပ်၌ မေ ၂၄ ရက်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး နယ်မြေခံတပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးတေဇာစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ လူ ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ပြည်သူတွေအတွက် အစိုးရရဲ့တိကျတဲ့အဖြေ၊ CRPH နဲ့ပတ်သက်သူများ အရေးယူဆောင်ရွက်တော့မယ်ဆိုတဲ့ သတိပေးချက်တို့အပြင် အဆိုပါကာလများအတွင်း ပြည်သူများစိတ်ဝင်စားမှုမြင့်တက်လျက်ရှိတဲ့ တရားဝင်အစိုးရဆိုတဲ့ အဓိပ္ပာယ်၊ ဆန္ဒပြရုံနဲ့ မထိန်းသိမ်းဘဲ ဆူပူအကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်တာ၊ အန္တရာယ်ဖြစ်စေနိုင်တဲ့ လက်နက်တွေ့ရှိတာ၊ စစ်ဆေးတဲ့အခါမှာ ဆူပူအကြမ်းဖက်မှုကို ဆက်လက်ဦးဆောင်မယ့်သူ၊ လုပ်ဆောင်မယ့်သူဖြစ်တာတွေကိုသာ ဆက်လက်ထိန်းသိမ်းထားတဲ့ အခြေအနေတွေကိုလည်း သိမြင်ခွင့်ရမှာဖြစ်ပါတယ်။

### တတိယအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ မှတ်တမ်းများ လေ့လာနိုင်

တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကိုလည်း အပိုင်းနှစ်ပိုင်းခွဲပြီး မတ်လ ၂၃ ရက်မှာ ကျင်းပခဲ့ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်က မတ်လ ၁၁ ရက်နေ့ကနေ ၂၂ ရက်နေ့အထိ ဖြစ်ပေါ်ခဲ့တဲ့ ဆူပူဆန္ဒပြမှုတွေကနေ အကြမ်းဖက်မှုအသွင်ပြောင်းလဲလာတဲ့ မင်းမဲ့စရိုက် လှုပ်ရှားမှုတွေ၊ နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ မီဒီယာတွေက သတင်းမှားတွေဖော်ပြတာ၊ သွေးထိုးလှုံ့ဆော်တာတွေ ပြုလုပ်နေတဲ့ အကြောင်းအရာတွေ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု စတာတွေကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးကလည်း ရပ်/ကျေးအဆင့် အခြေခံ UEC တွေမှာ မဲမသမာမှုဖြစ်ပွားခဲ့ရတဲ့ အနေအထားနဲ့ မြေပြင်မှာ မဲမသမာမှုလုပ်ခဲ့တဲ့ အခြေအနေ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြတာကို ဖတ်ရှုလေ့လာနိုင်သလို ကိန်းဂဏန်း အချက်အလက်တွေ၊ မှတ်တမ်းဗီဒီယို၊ ဓာတ်ပုံအချက်အလက်တွေကိုလည်း လေ့လာကြည့်ရှုရမှာ ဖြစ်ပါတယ်။

တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကနေ အကြမ်းဖက်ဖျက်ဆီးမှုတွေ၊ ပြည်သူထိခိုက်ခံစားရမှုအကြောင်း၊ အကြမ်းဖက်ပစ္စည်းတွေ ရှာဖွေတွေ့ရှိမှု စတဲ့လက်ရှိဖြစ်စဉ်မှန်တွေကို ပကတိအတိုင်း သတင်းမီဒီယာတွေ မြင်သာအောင် ပြသနိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ထူးခြားချက်က ဒေါ်အောင်ဆန်းစုကြည်ထံကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်လာနဲ့ရွှေ စတာတွေ ပေးခဲ့တဲ့အကြောင်း ဦးဖြိုးမင်းသိန်းကိုယ်တိုင် ပြောဆိုထားတဲ့ ဗီဒီယိုဖိုင်ကိုလည်း ဒီစာအုပ်မှာစာသားအဖြစ် ပြန်လည်မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ပြည်သူတွေစိတ်ဝင်စားမှုမြင့်တက်တဲ့ နိုင်ငံရေးပါတီတွေ အစိုးရတာဝန်ယူပြီး ပထမဆုံးအကြိမ်ရွေးကောက်ပွဲကော်မရှင်နဲ့ တွေ့ဆုံပွဲမှာ ဘာတွေဆုံးဖြတ်ခဲ့ကြတယ်။ ညှိနှိုင်းခဲ့ကြတယ်ဆိုတာကို သိရှိရမှာဖြစ်သလို လူဦးရေ ၁၅ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးဖို့စီစဉ်ထားတဲ့ အခြေအနေ၊ သတင်းမီဒီယာများနှင့် ပတ်သက်၍ သဘောထားများကိုလည်း သတင်းမီဒီယာများ မေးမြန်းချက်များအပေါ် တာဝန်ရှိသူတွေက ပြန်လည်ဖြေကြားခဲ့တာဟာ ပြည်သူတိုင်းသိရှိသင့်တဲ့ သတင်းအချက်တွေပဲ ဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးခန့်အပ်ထားတဲ့ အခြေအနေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လုံခြုံရေးနှင့်ပတ်သက်၍ ဖုန်းနံပါတ်များကို အများပြည်သူများ သိရှိနိုင်ရန် ဖြန့်ဝေထားပြီး လုံခြုံရေးအကူအညီတောင်းခံမည်ဆိုပါက အထူးအလေးထား ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဉ်တွေကိုလည်း လေ့လာသိရှိနိုင်ပါတယ်။

### စတုတ္ထအကြိမ်မြောက်သတင်းစာရှင်းလင်းပွဲမှာ ဘာတွေရှင်းလင်းခဲ့သလဲ

၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ စတုတ္ထအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့တာကို စာအုပ်မှာ ပြည့်ပြည့်စုံစုံ ဖတ်ရှုနိုင်ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်ကနေ မဲစာရင်းပြန်လည်စိစစ်တဲ့အခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ မတ်လနဲ့ဧပြီလဆန်းတို့မှာ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွေ၊ CDM ပြုလုပ်နေတဲ့ ဝန်ထမ်းအနေအထားနဲ့ ကျောင်းဆရာတွေ ၅၀ ရာခိုင်နှုန်းခန့် လုပ်ငန်းခွင်အတွင်းရှိနေတဲ့အခြေအနေ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုတွေ၊ မသမာမှုတွေ ထပ်မံဖော်ထုတ်နိုင်ခဲ့တဲ့ အခြေအနေ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအတွက် အစီအမံများအကြောင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ဆောင်နိုင်မှု၊ KNU ဗဟိုရဲ့သဘောထားမပါဝင်တဲ့ တပ်မဟာ(၅)ကို မည်သည့်အတွက် လေကြောင်းမှ တိုက်ခိုက်ခဲ့သည့် အခြေအနေ အကြောင်းရင်းမှန်စတဲ့ ပြည်တွင်းနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ အမျိုးသားရေး ဆောင်ရွက်မှုများ၊ သတင်းမီဒီယာများရဲ့မေးမြန်းချက်တွေကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့တာတွေကိုလည်း သိရှိရမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ မတ်လ ၂၉ ရက်နေ့တုန်းက မီးရှို့သတ်ဖြတ်ခံလိုက်ရတဲ့ မန္တလေးက ရဲအရာရှိတစ်ဦးကို သတ်ဖြတ်ခဲ့တဲ့အထဲက ဖမ်းဆီးရမိတဲ့ လူငယ် Generation-Z နှစ်ဦးရဲ့ ဝန်ခံချက်ဗီဒီယိုဖိုင်တွေပဲဖြစ်ပါတယ်။ "၁၄ လမ်း အောက်ကနေပြီး တာပေါင်ပေါ်ကို ပွကြီးရယ်၊ အမည်မသိနှစ်ယောက်က လူတစ်ယောက်ကို ဆွဲခေါ်လာတယ်။ လက်ပြန်ကြိုး တုပ်ထားတယ်။ ပေါင်နှစ်ဖက်မှာတော့ သွေးတွေ စီးကျနေတယ်။ ပွကြီးကရှေ့ကနေ ဦးဆောင်ပြီး တာပေါင်ပေါ်ကို ခေါ်လာတဲ့အခါ လူတွေကလည်း ဓားတွေနဲ့ ဝိုင်းခုတ်ကြတာ ခုနစ်ယောက်၊ ရှစ်ယောက်လောက်ရှိတယ်။ ခုတ်လည်းပြီးရော ဒီဘက်ရောက်တော့ မီးပုံထဲကိုဆွဲထည့်တယ်။ မီးပုံထဲက ပြန်ထွက်လာတော့ အာကြီးကလည်း ဓားနဲ့ခုတ်တယ်။ ပြီးတော့ ဓားနဲ့ဆက်ခုတ်ကြတာ နှင်းဆီတိုက်ခန်းက အဖွဲ့တွေကလည်း မီးပုလင်းတွေနဲ့ ဝိုင်းရိုက်တယ်။ ရိုက်လည်းပြီးရော ကြက်သွန်ဖိုဘက်က အမည်မသိသူတွေ ငါးယောက်လောက်ရှိတယ်။ ခဲတွေနဲ့ ဝိုင်းပြီးရိုက်ခဲ့တယ်။ ပြီးတော့ လူကြီးကို မီးပုံထဲဆွဲထည့်လိုက် ဓားတွေနဲ့ မသေမချင်းခုတ်ကြ၊ မီးပုလင်းတွေနဲ့ ပစ်ကြ မီးတွေကတောက်လို့။ ပြီးတော့ အာကြီးရယ်၊ ပွကြီးရယ်က ခုံတွေနဲ့ ကလေးတစ်ယောက်နဲ့ ဖိလည်းဖိရော ကျွန်တော်က မီးပုံထဲရောက်နေတဲ့ သူ့ကို ခွနဲ့နှစ်ချက် ပစ်ခဲ့တယ်။ အာကြီးရယ်၊ ပွကြီးရယ်က ခုံတွေရှေ့ကဟာတွေ အကုန်မပြီးတော့ ကိုယ်ပေါ်ကိုဖိတယ်။ ဖိပြီး ခဏနေတော့ ရဲကားတွေ၊ စစ်ကားတွေလာပြီ လာပြီနဲ့ ကျွန်တော်တို့ရွာဘက်ကို ပြေးခဲ့ကြတယ်" ဆိုတဲ့ ဗီဒီယိုဖိုင်ထဲက စကားသံတွေကို အတိအကျပြန်လည် ရေးသားဖော်ပြထားတာကိုလည်း မြင်တွေ့ရပါတယ်။

### စာအုပ်ကနေ ပြည်သူတွေဘာတွေရနိုင်မလဲ

မိမိတို့နိုင်ငံကို လက်ရှိတာဝန်ယူထားရသည့် အစိုးရ၏ တရားဝင် သတင်းစာရှင်းလင်းပွဲတွေကို အဓိကကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်က အစိုးရနဲ့ ပြည်သူအကြား သတင်းအချက်အလက်မှန်တွေ အမြဲမပြတ်စီးဆင်းသွားစေဖို့ပဲ ဖြစ်ပါတယ်။

သတင်းစာရှင်းလင်းပွဲ မှတ်တမ်းစာအုပ်ကို ဌာနဆိုင်ရာများနဲ့ သတင်းမီဒီယာအဖွဲ့အစည်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေဖြန့်ချိလိုက်တာဖြစ်ပြီး အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များနဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ပေါ်တယ်ဖြစ်တဲ့ www.moi.gov.mm တို့မှာ လေ့လာဖတ်ရှုနိုင်ပါတယ်။

ဒီလိုသတင်းစာရှင်းလင်းပွဲ အချက်အလက်တွေကို စာအုပ်အဖြစ် ဖတ်ရှုလေ့လာကြည့်မယ်ဆိုရင် လက်ရှိ လေးလတာသက်တမ်းအတွင်း မြန်မာ့နိုင်ငံရေးကို ခြုံငုံစေ့ငုနိုင်မှာဖြစ်ပြီး မိမိတို့ပြည်သူတွေအတွက် ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို သိရှိသွားမှာ ဖြစ်ပါတယ်။ ထို့အတူ မှတ်တမ်းတွေဟာ အချိန်ကာလတစ်ခုကို လွန်မြောက်တဲ့အခါ ဖျောက်ဖျက်မရတဲ့ သမိုင်းတွေဖြစ်လာမှာမို့ ဖတ်ရှုသင့်တဲ့ စာအုပ်ကောင်းတစ်အုပ်အဖြစ် ပြည်သူများအားလုံး ဖတ်ရှုလေ့လာကြဖို့လည်း တိုက်တွန်းလိုက်ပါရစေ။ ။

# ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှု

**— — ဒေါက်တာ သီတာတင် — —**

*(ယမန်နေ့မှ အဆက်)*

**နိုင်ငံရေးစရိုက်**

နိုင်ငံရေးစရိုက်ဆိုသည်မှာ ပြည်သူတို့၏ နိုင်ငံရေးအပြုအမူကို ဖြစ်စေသည့် ပြည်သူများ၏ သဘောထားနှင့် အလေ့အထများပေါင်းစုထားသည့် အရာပင်ဖြစ်ပါသည်။ နိုင်ငံရေးစရိုက်တွင် ကောင်းမွန်သည့် လူမှုအသိုက်အဝန်းတစ်ခုကို ဖြစ်စေသည့် ကိုယ်ကျင့်တရားမျှတမှု၊ နိုင်ငံရေး ယုံတမ်းစကားများ၊ ယုံကြည်မှု၊ အတွေးအခေါ်များ ပါဝင်ပါသည်။ နိုင်ငံရေးစရိုက်သည် အစိုးရတစ်ရပ်၏ ပုံရိပ်ဖြစ်သလို ယင်းအစိုးရမတိုင်မီက ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းနှင့် ရိုးရာအစဉ်အလာတို့၏ အစိတ်အပိုင်းများလည်း ပေါင်းစပ်ပါဝင်ပါသည်။

နိုင်ငံရေးသိပ္ပံပညာရှင် Gabriel Almond နှင့် James Coleman တို့၏ လေ့လာတွေ့ရှိချက်မှာ ကျွန်ုပ်တို့၏ နိုင်ငံရေးအပြုအမူ၊ သဘောထား၊ စံတန်ဖိုးထားမှုများနှင့် ဗဟုသုတများသည် ကျွန်ုပ်တို့၏ မွေးရာပါဗီဇမှ ဆင်းသက်လာခြင်း မဟုတ်ဘဲ၊ နိုင်ငံရေးလေ့လာမှုဖြစ်စဉ်မှတစ်ဆင့် ကျွန်ုပ်တို့၏ အခန်းကဏ္ဍပါဝင်မှုကို နားလည်သဘောပေါက်ကာ ကျွန်ုပ်တို့၏ နိုင်ငံရေးစရိုက်နှင့် အံဝင်ခွင်ကျ ဖြစ်လာခဲ့သည်ဆိုသည့်အချက် ဖြစ်ပါသည်။

နိုင်ငံရေးစရိုက်များသည် နိုင်ငံရှိ လူများ၏ နိုင်ငံရေး သိမြင်ခံစားမှုများနှင့် လုပ်ဆောင်မှုကို ပုံဖော်သည့်အတွက် အရေးကြီးသော အခြေအနေတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံရေးစရိုက်များကို ပြည်သူများက မည်ကဲ့သို့ ရရှိကြသနည်းဆိုပါက နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်မှတစ်ဆင့် ရရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်ဆိုသည်မှာ လူတစ်ဦးချင်းစီက သူတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေမှုနှင့် ဩဇာအာဏာကို ဘယ်လို စီစဉ်လုပ်ဆောင်နေမှု၊ အာဏာရှိသူနှင့် အာဏာ မရှိသူတို့အကြား ပတ်သက်ဆက်နွှယ်မှုတို့ကို လေ့လာရှုမြင်ပြီးနောက် စိတ်အစဉ်တွင် အဆိုပါ အကြောင်းအရာများ သူ့အလိုလို စုပေါင်းကာ ဖြစ်ပေါ်လာသည့် သဘောထားအမြင်/ အပြုအမူ များ ဖြစ်ပါသည်။ အဆိုပါ နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်သည် ငယ်စဉ်ကလေးဘဝမှစပြီး အရွယ် ရောက်သည်အထိ ဆက်လက်ဖြစ်နေသည့် ဖြစ်စဉ် ဖြစ်ပါသည်။ ယင်းဖြစ်စဉ်ကို ထင်ဟပ်စေသည့် အကြောင်းအရာများမှာ –

(၁) မိသားစု၊
(၂) စာသင်ကျောင်း ၊
(၃) သူငယ်ချင်းနှင့် မိတ်ဆွေများ၊
(၄) လုပ်ငန်းခွင်
(၅) ကိုးကွယ်သည့်ဘာသာ၊
(၆) မိမိဆင်းသက်လာသည့် လူနေမှုနှင့် စီးပွားရေး အဆင့်အတန်း၊
(၇) လူနည်းစုအုပ်စုဝင်ဖြစ်မှု၊
(၈) မီဒီယာ၊
(၉) နိုင်ငံတွင် ဖြစ်ပေါ်သည့် အရေးပါသော အဖြစ်အပျက်များ၊
(၁၀)အစိုးရ၏အခန်းကဏ္ဍတို့ ဖြစ်ကြပါသည်။

**မိသားစု**

ငယ်ရွယ်စဉ်ကလေးဘဝတွင် လူကြီးမိဘများ၏ စောင့်ရှောက်မှုအောက်တွင်သာ နေထိုင်ကြရသည့် အချိန်က များသည့်အတွက် ထိုလူကြီးများ၏ အလေ့အထများ၊ ယုံကြည်မှုများ၊ အပြုအမူများနှင့် သဘောထားများကို ကလေးများက လိုက်ပါ အတုခိုးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် မိမိ၏မိသားစုသည် နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်တွင် အရေးကြီးဆုံးသော အကြောင်းရင်းခံ တစ်ခုဟု မှတ်ယူနိုင်ပါသည်။

**စာသင်ကျောင်း**

ကလေးသူငယ်အများစုနှင့် လူငယ်များသည် သူတို့၏ နိုင်ငံအကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများ၊ ရိုးရာအမွေအနှစ်များ၊ နိုင်ငံသားကောင်း ဖြစ်တည်မှု၊ လူ့အဖွဲ့အစည်း၏ အရေးပါသည့် အတွေးအခေါ်များနှင့် စံတန်ဖိုးထားမှုများကို စာသင်ကျောင်းများ၏ သင်ကြားမှုများမှတစ်ဆင့် သိရှိကြရပါသည်။ ယင်းသို့ သိရှိနားလည်ခြင်းဖြင့် မိမိနိုင်ငံသမိုင်းကို အကောင်းမြင်စိတ်ဖြင့် သိရှိ သဘောပေါက်စေပါသည်။ ထို့အပြင် ကျောင်း စည်းကမ်းများကို လိုက်နာတတ်ခြင်းဖြင့် ဆရာ၊ လူကြီးသူမများနှင့် ဆက်ဆံရေး၊ ကျောင်းသား အချင်းချင်း ဆက်ဆံရေးများကို သိနားလည်စေပါသည်။

**❑ နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်ဆိုသည်မှာ လူတစ်ဦးချင်းစီက သူတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေမှုနှင့် ဩဇာအာဏာကို ဘယ်လိုစီစဉ်လုပ်ဆောင်နေမှု၊ အာဏာရှိသူနှင့် အာဏာမရှိသူတို့အကြား ပတ်သက်ဆက်နွှယ်မှုတို့ကို လေ့လာရှုမြင်ပြီးနောက် စိတ်အစဉ်တွင် အဆိုပါ အကြောင်းအရာများ သူ့အလိုလို စုပေါင်းကာ ဖြစ်ပေါ်လာသည့် သဘောထားအမြင်/ အပြုအမူများဖြစ်**

**သူငယ်ချင်းနှင့် မိတ်ဆွေများ**

အသက်အရွယ်မရွေး လူတစ်ဦး၏ ယုံကြည်မှုများကို သူ၏ သူငယ်ချင်းနှင့် မိတ်ဆွေများက လွှမ်းမိုးသွားနိုင်ပါသည်။

**လုပ်ငန်းခွင်**

**ငယ်စဉ်အရွယ် စာသင်ကျောင်းများတွင် အချိန်များစွာ ကုန်ဆုံးရသလို၊ အရွယ်ရောက်လာသည့် အခါ၌လည်း အလုပ်လုပ်ကြရသည့်အတွက် လုပ်ငန်းခွင်တွင် အချိန်များစွာ ပေးကြရပြန်ပါသည်။ ယနေ့ခေတ်အခါတွင် ရှေးကနှင့်မတူ အလုပ်တစ်ခုတွင် အငြိမ်းစားယူသည်အထိ မလုပ်ကြဘဲ၊ အလုပ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ လုပ်ကိုင်လာသည့်အလျောက် လုပ်ဖော်ကိုင်ဖက် အသစ်သစ်များနှင့် လူမှုပေါင်းသင်းဆက်ဆံရေး ထူထောင်ခြင်းများကို လုပ်ဆောင်နေကြရသည့် အတွက် ထိုလုပ်ငန်းခွင်များအတွင်း ရှိသူများ၏ အတွေးအမြင်၊ ခံယူချက်၊ အကျင့်စရိုက်နှင့် လုပ်ဆောင်မှုများက မိမိအပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။**

**ကိုးကွယ်သည့် ဘာသာ**

ကိုးကွယ်သည့်ဘာသာဓလေ့များ မတူညီသည့်အလျောက် မတူကွဲပြားသည့် စံတန်ဖိုးထားရှိမှုများ ရှိကြပြီး လူတစ်ဦး၏ ကိုးကွယ်ယုံကြည်မှုသည် သူ၏နိုင်ငံရေးအမြင်များကို သိသာစွာ လွှမ်းမိုးနိုင်သည်ကို တွေ့ရှိရပါသည်။

**မိမိ ဆင်းသက်လာသည့်လူနေမှုနှင့် စီးပွားရေးအဆင့်အတန်း**

မိမိ ဆင်းသက်လာသည့် လူနေမှုနှင့် စီးပွားရေး အဆင့်အတန်းသည် ထိုသူ၏ အတွေးအမြင်များကို ပုံဖော်ပေးလေ့ရှိပါသည်။

**လူနည်းစုအုပ်စုဝင်ဖြစ်မှု**

**လူနည်းစုအုပ်စုဝင် ဖြစ်သည့်အတွက် အခြားသူများက မိမိကိုပြင်ပလူအဖြစ် ရှုမြင်နေသည်ဟု တစ်ခါတစ်ရံခံစားရခြင်း၊ အထီးကျန်သည်၊ လူစိမ်းတစ်ယောက်ကဲ့သို့ ဆက်ဆံခံရသည်ဟူသော ခံစားနေရခြင်းသည် လူမှုအဖွဲ့အစည်းနှင့် အစိုးရအပေါ် ရှုမြင်သည့် သဘောထားအမြင်ကို သက်ရောက်စေနိုင်သလို အခွင့်ထူးခံစားရသည့် လူနည်းစုဖြစ်ပါက လူမှုအဖွဲ့အစည်းနှင့် အစိုးရအပေါ် ရှုမြင်သည့် သဘောထားအမြင်သည်လည်း ပုံစံတစ်မျိုးဖြစ်နေနိုင်ပါသည်။**

**မီဒီယာ**

လူထုဆက်သွယ်ရေးမီဒီယာတွင် ရုပ်မြင်သံကြား၊ ရေဒီယို၊ ရုပ်ရှင်၊ တေးဂီတ၊ စာအုပ်စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ် အစရှိသည်တို့နှင့် အင်တာနက်တို့ ပါဝင်သည်။ အသက်အရွယ် နှစ်နှစ်ကျော် သုံးနှစ်မှစကာ ကလေးများသည် ရုပ်မြင်သံကြားကို ကြည့်ရှုခြင်းမှတစ်ဆင့် မီဒီယာနှင့် ပထမဆုံး ထိတွေ့လာပါသည်။ ကလေးအစီအစဉ်များ၊ ဇာတ်ကောင်များ၊ ရုပ်ပုံများ၊ စကားလုံးများ၊ ပုံပြင်ဇာတ်ကြောင်း နောက်ခံပြောစကားများ၊ ကာတွန်းများ အထူးသဖြင့် စီးပွားရေးကြော်ငြာများ၏ ဖော်ပြမှုများမှတစ်ဆင့် လူမှုပေါင်းသင်းဆက်ဆံရေးကို သိရှိလာကြသည်။

ယနေ့ ခေတ်ကာလတွင် မီဒီယာသည် မိသားစုဝင် အချင်းချင်းဆက်ဆံရေးအပေါ် များစွာ သက်ရောက်လာခဲ့သည်။ ကလေးများသည် သူတို့၏ မိဘများထက် ရုပ်မြင်သံကြားနှင့် ကွန်ပျူတာရှေ့များတွင်သာ များစွာ အချိန်ပေးလာကြသည်ကို တွေ့မြင်နေရပါသည်။ ယင်းမီဒီယာများမှ သယ်ဆောင်လာသည့် သတင်းစကားများနှင့် စံတန်ဖိုးထားသည့် အရာများမှာ အသိအရွယ် နုနယ်သည့် ကလေးများအပေါ် များစွာသက်ရောက်နိုင်ပါသည်။ အဆိုပါ မီဒီယာများကတစ်ဆင့် သိရှိလာသည့် သတင်းစကားများနှင့် စံတန်ဖိုးထားသည့် အရာများမှာ ကလေးမိဘများ၏ သွန်သင်ဆုံးမမှုများနှင့် ဆန့်ကျင်သည့် သဘောထားများ သို့တည်းမဟုတ် စိန်ခေါ်ဘက်ပြိုင်သည့်သဘော ဖြစ်နေတတ်ပါသည်။

အရွယ်ရောက်လာသည့် အခါတွင်လည်း မီဒီယာ၏ သက်ရောက်မှုအစွမ်းမှာ ကြီးမားနေဆဲ ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် သတင်းတု သတင်းမှားများ၊ ကောလဟာလများ ရောနှောနေသည့် လူမှုမီဒီယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြသော်လည်း မီဒီယာနှင့် သတင်း အချက်အလက် သိနားလည်မှု အားနည်းသည့် အတွက် မိမိတို့သိရှိရသည့် သတင်း အချက်အလက်များကို မှားသည်/မှန်သည်ကို မခွဲခြားနိုင်ဘဲ၊ မီဒီယာမှ ပုံဖော်သည့်အတိုင်း လိုက်ပါယုံကြည်ကာ သမားရိုးကျအမြင်ကို လူအများစုက လူထုသဘောထားအမြင်ဟု ထင်မြင်ကာတောင်းဆိုမှုများ ပြုလုပ်လာကြပြီး ယင်းတောင်းဆိုမှုများ မရပါက ဆန္ဒပြ ဆူပူမှုများ စသည့် မလိုလားအပ်သည့် ကိစ္စများ ဖြစ်လာကြသည်ကို တွေ့ရှိနေရခြင်းဖြစ်ပါသည်။

သို့ပါ၍ **မီဒီယာ စွမ်းပကားဖြစ်သည့် ၂၄ နာရီ ပတ်လုံး မီဒီယာ ပလက်ဖောင်းအမျိုးမျိုးမှတစ်ဆင့် သတင်းအချက်အလက်များ စီးဆင်းနေသည့် ခေတ်ကာလတွင် မီဒီယာကို လူငယ်များသာမက အရွယ်သုံးပါးစလုံး အသုံးပြုနေသည့် အနေအထား ဖြစ်သဖြင့် မှန်ကန်စွာသုံးစွဲနိုင်ခြင်းသည်** နိုင်ငံရေး အမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်း ဆက်ဆံရေးဖြစ်စဉ်အတွက် **အရေးကြီးသော အခန်း ကဏ္ဍတွင် ပါဝင်**ပါသည်။

**နိုင်ငံတွင် ဖြစ်ပေါ်သည့် အရေးပါသောအဖြစ်အပျက်များ**

**နိုင်ငံတွင် ဖြစ်ပေါ်သည့် အရေးပါသော အဖြစ်အပျက်များသည် နိုင်ငံနှင့် အစိုးရအပေါ် မျိုးဆက်တစ်ခုလုံးက ရှုမြင်သည့် သဘောထားအမြင်များကို ပုံဖော်နိုင်ပါသည်။**

**အစိုးရ၏အခန်းကဏ္ဍ**

နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေးဖြစ်စဉ်တွင် **အစိုးရ၏ အခန်းကဏ္ဍသည် နည်းလမ်းအမျိုးမျိုးဖြင့် အရေးကြီးသည်ကို တွေ့ရှိရပါသည်။** အစိုးရ အနေဖြင့် ကျောင်းသားများ ဖတ်ရှုလေ့လာသင့်သည့် သင်ခန်းစာများ ချမှတ်ပေးခြင်း၊ ပြည်သူများ မြင်သင့်၊ ကြားသင့်၊ သိသင့်သည့်သတင်းများ အကြောင်းအရာများကို ထုတ်လွှင့်ဖြန့်ချိစေရန် လုပ်ဆောင်ခြင်း၊ မိမိနိုင်ငံသမိုင်းကြောင်းကို ထင်ဟပ်စေသည့် အရေးပါသည့် အဖြစ်အပျက်များ အတွက် အခမ်းအနားများကျင်းပကာ ပြည်သူများ အမှတ်ရစေခြင်း အစရှိသည်တို့ကို လုပ်ဆောင် ခြင်းဖြင့် နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး**ဖြစ်စဉ်ကို ကောင်းစွာ ပုံဖော်နိုင်မည်ဖြစ်သည်။ အသက်အရွယ်အလိုက် အရွယ်ရောက်မှု သတ်မှတ်ချက်များဖြစ်သည့် အသက် ၁၈ နှစ်သည် အရွယ်ရောက်သော လူတစ်ဦး အဖြစ် သတ်မှတ်ကာ တရားဥပဒေကြောင်းအရ မိမိကိုယ်မိမိ တာဝန်ယူတတ်စေမှုနှင့် အသက် ၆၀၊ အချို့နိုင်ငံများတွင် အသက် ၆၅ နှစ် အရွယ် ရှိသောသူများကို အသက်အရွယ်ကြီးသူအဖြစ် အသိအမှတ်ပြုကာ သက်ကြီးအကျိုးခံစားမှုများ ကို ရရှိနိုင်ကြခြင်းသည် အစိုးရမှ အစပြု သတ်မှတ်ခဲ့သော်လည်း၊**

*စာမျက်နှာ ၂၃ သို့*

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ အရှေ့ပိုင်းခရိုင်အသင်း တံခွန်စိုက်ဖလား ဆွတ်ခူး

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်နှင့်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း (YTC) ၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲတွင် အရှေ့ပိုင်းခရိုင် အသင်းနှင့် တောင်ပိုင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းခရိုင်အသင်းက တောင်ပိုင်းခရိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။



တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး အရှေ့ပိုင်းခရိုင်အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုးသမားဆု၊ အကောင်းဆုံးကစားသမားဆု ရရှိကြသူများကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဒုတိယရရှိသော တောင်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဇော်ဝင်းကလည်းကောင်း၊ ပထမဆုရရှိသော အရှေ့ပိုင်းခရိုင် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးတို့က လည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မေ ၁၅ ရက် မှ၂၄ ရက်အထိ ခရိုင်လေးခရိုင် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာလင်း**

# ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ သောက်သုံးရေများ ပေးဝေလှူဒါန်း

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့်ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေများလိုအပ်လျက်ရှိသော ဌာနဆိုင်ရာများ၊ သာသနိကအဆောက်အအုံများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းရာတွင် မေ ၂၃ ရက်က မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေမီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးယန်မိဒီးဇီနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ အရှေ့ရပ်ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့် လှူဒါန်းကြောင်း သိရသည်။ **အောင်မျိုး**



## လောက်ကိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လောက်ကိုင် မေ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လောက်ကိုင်မြို့နယ်ရုံး၌ ကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို မေလတတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လောက်ကိုင် ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၀ ပေးအပ်သည်။ ဆက်လက်၍ လောက်ကိုင်မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ငါးစုရှိ အသက် ၁၆ နှစ်နှင့်အထက် အမျိုးသား ၁၃၆၁ ဦး၊ အမျိုးသမီး ၁၄၀၆ ဦး၏ တစ်ဦးချင်း အမည်စာရင်းအား သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ စာရင်းပြုစုပေး ပို့ပြီး အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ စိစစ်ကာ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်တွင် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ပေါကြွယ်ဝ၍ ငါးရိက္ခာဖူလုံစေရေးအတွက် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို မေ ၂၄ ရက်က ကမ်းနားရပ်ကွက် ကျီးပင်ဆိပ်၌ ကျင်းပသည်။




အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဟင်္သာတငါးလုပ်ငန်းစခန်းမှ သုံးလက်မအရွယ် ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ ရွှေဝါငါးကြင်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၂ မှ*

အဆိုပါ သတ်မှတ်မှုများကို လူအများကစဉ်းစားတွေးတောမှုများ မလုပ်ကြဘဲ ယနေ့ထက်တိုင် လိုက်ပါကျင့်သုံးနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အရွယ်ရောက်သူ၊ အခွန်ပေးသူ၊ အသက်အရွယ်ကြီးသူ အစရှိသည့် အုပ်စုသစ်တစ်ခုခုတွင် ပါဝင်လာသည်နှင့်အမျှ ဆိုင်ရာသူများနှင့် လူမှုပေါင်းသင်းဆက်ဆံရေးကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် အစိုးရ၏ သတ်မှတ်ချက်များအရ အမျိုးအစား/အုပ်စုအသစ်များတွင် ပြည်သူများ လိုက်ပါလုပ်ဆောင်ရင်း နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံမှုများ ပြုလုပ်လာကြရပါသည်။ သို့ပါ၍ အစိုးရအနေဖြင့် ဥပဒေများပြဋ္ဌာန်းရာတွင်လည်းကောင်း၊ သတ်မှတ်ချက်များ၊ စီမံချက်များ၊ ပေါ်လစီများ ချမှတ်ရာတွင်လည်းကောင်း နိုင်ငံရေးစရိုက်ကောင်းများကို ထင်ဟပ်စေမည့် လုပ်ဆောင်မှုများကို အထူးဂရုပြုချမှတ်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**အစိုးရအနေဖြင့် ပြည်တွင်းပြည်ပရှိ အစိုးရဆန့်ကျင်ရေးအင်အားစုများ မည်မျှရှိနေသည်ကို သတိပြုကာ အဆိုပါအင်အားစုများက မိမိပြည်သူများ၏ အတွေးအမြင်လွဲမှားစေရန် လုပ်ကြံသတင်းများဖြန့်ချိပြီး** အမှန်အမှားကို ပဓာနမထားဘဲ ယုံကြည်နေသည့် သမားရိုးကျအမြင် ဖြစ်ပေါ်လာအောင် လုပ်ဆောင်နေမှုများ၊ သူတို့ဖြစ်လိုသည့် အတွေးအမြင်များကို ရိုက်သွင်းခြင်းများ ရပ်တန့်နိုင်မည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေးဖြစ်စဉ်ကို ပုံဖော်နိုင်မည် ဖြစ်သည်။

### နိဂုံး

အချုပ်အားဖြင့် တင်ပြရလျှင် စီမံရေး၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူပုဂ္ဂိုလ်တိုင်းသည် ပြည်သူတို့၏ တစ်ခဲနက်အားပေးထောက်ခံမှုကို ရရှိရန် သိမ်းသွင်းစည်းရုံးရေး လုပ်ဆောင်ရမည်ဖြစ်သဖြင့် ကိုယ်တိုင်ထိတွေ့သော လူမှုဆက်ဆံရေးကို စတင်ထူထောင်ရမည် ဖြစ်ပါသည်။ ယင်းသို့ ထူထောင်ရာတွင် ပြည်သူတို့၏ သဘောထားအမြင်များကို ကောင်းစွာ သိရှိရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း မိမိနှင့် ဆန့်ကျင်အားပြိုင်နေသည့် ပြည်တွင်း၊ ပြည်ပအင်အားစုများရှိနေပါက ၎င်းတို့၏ လုပ်ဆောင်နေမှုများ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိစေရေးကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ လူအများ/ပြည်သူများ၏ သဘောထားအမြင်နှင့် သမားရိုးကျအမြင်ကို လူအများစုက ခွဲခြားသိမြင်မှု အားနည်းနေမှုအပေါ် နိုင်ငံရေးအမြတ်မထုတ်နိုင်အောင် တားဆီးနိုင်မည်ဖြစ်သည်။

လူအများ/ ပြည်သူများ၏ သဘောထားအမြင် ကောင်းမွန်စွာ ဖြစ်ထွန်းရေးအတွက် အစိုးရနှင့် ပြည်သူအကြား နားလည်မှု တည်ဆောက်ပြီး ယုံကြည်မှုတိုးပွားလာရန် အစိုးရအနေဖြင့် မိမိပေးထားသည့် ကတိအတိုင်း ဆောင်ရွက်ခြင်း၊ ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရမှ ဆောင်ရွက်ပေးမှုများကိုလည်း ပြည်သူသိရန် မီဒီယာမှတစ်ဆင့် ချပြလုပ်ဆောင်ခြင်း၊ မိမိ၏ ပြည်တွင်းပြည်ပရှိ မိတ်ဖက် အဖွဲ့အစည်းတို့နှင့် ပေါင်းစပ်သင့်သည့်ကိစ္စများကို စနစ်တကျလုပ်ဆောင်ခြင်းဖြင့် နိုင်ငံရေးအမြင်ကို ထင်ဟပ်စေသည့် လူမှုပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်ကောင်းစွာ ပုံဖော်နိုင်မည်ဖြစ်သည်။

သို့မှသာ လူအများ/ပြည်သူများ၏ သဘောထားအမြင်ကို ဖော်ဆောင်ရာတွင် အရေးပါသော အခြေအနေတစ်ခုဖြစ်သည့် နိုင်ငံရေးစရိုက်ကို ကောင်းစွာ ရရှိမည်ဖြစ်ပါသည်။ ဤသို့ဖြင့် လူမှုအသိုက်အဝန်းကို အကျိုးပြုသည့် လူအများ/ပြည်သူများ၏ သဘောထားအမြင်ကို ဖော်ဆောင်နိုင်ကာ ပြည်သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ခြင်းဖြင့် ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှုကို ဧကန်မလွဲ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

# အသုံးချသူ၊ အသုံးချခံနှင့် အပြစ်မဲ့ပြည်သူများ

**မျိုးငြိမ်းငယ်**

### အကြမ်းဖက်နည်းလမ်း

လတ်တလော မြို့အတော်များများမှာ ဗုံးကွဲမှုတွေ၊ မီးလောင်မှု၊ သတ်ဖြတ်မှုတွေကို ခပ်စိပ်စိပ်ကြားနေရပါတယ်။ ဗုံးပေါက်ကွဲလို့ မဆီမဆိုင် အပြစ်မဲ့ပြည်သူတွေ သေကျေကြ၊ ဒဏ်ရာရကြနဲ့ အတော်ပဲ စိတ်မချမ်းမြေ့စရာပါ။ ညပိုင်းဆိုရင် ဗုံးပေါက်ကွဲသံတွေ ကြားရတဲ့အခါတိုင်း စိတ်တထင့်ထင့်နဲ့ သတင်းနားစွင့်မိပါတယ်။ သတင်းတွေတက်လာလို့ ကြည့်လိုက်ရင်လည်း အပြစ်မဲ့ပြည်သူတွေပဲ ထိခိုက်ဒဏ်ရာရကြ၊ သေဆုံးကြနဲ့။ မလုပ်သင့်၊ မဖြစ်သင့်ဘူးလို့ ပြည်သူထဲက ပြည်သူ တစ်ယောက်အနေနဲ့ မြင်ပါတယ်။ ဒါဟာ အပြစ်မဲ့ပြည်သူတွေကို သေကျေဒဏ်ရာရအောင်၊ ဒုက္ခရောက်အောင် လုပ်နေခြင်းလို့ပဲ သတ်မှတ်ရမှာပါ။

ဒီနေရာမှာ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဗုံးတွေထောင်ပြီး အကြမ်းဖက် လုပ်ရပ်ဆန်ဆန်လုပ်ဆောင်နေတာတွေဟာ နိုင်ငံရေးအကျပ်အတည်းရဲ့အဖြေကို ဦးတည်ဖို့ ဆိုတာထက် အကျပ်အတည်းကို ပိုမိုဆိုးရွားစေပါလိမ့်မယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တဲ့ လက်နက်ကိုင်တော်လှန်မှုတွေဟာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ရှိနေပါပြီ။ အဲဒီရဲ့ အကျိုးဆက်က နိုင်ငံရေးအဖြေထက် တိုက်ပွဲဖြစ်ပွားနေရာက ဒေသခံပြည်သူတွေရဲ့ဘဝတွေပဲ ထိခိုက်နစ်နာခဲ့ရတာ လက်တွေ့ပါပဲ။ နောက်ဆုံးတော့ နိုင်ငံရေးအကျပ်အတည်း အဖြေရှာဖို့အတွက် အသင့်တော်ဆုံးနည်းလမ်း ဒါမဟုတ် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးနည်းလမ်းကတော့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းတဲ့ လမ်းစဉ်ပဲဆိုတာ လက်ခံလာကြလို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် လာကြခြင်းပဲ ဖြစ်ပါတယ်။

### ဘုံအကျိုးစီးပွားကိုဦးတည်သည့် အမှန်တရား

အခုလည်းပဲ လူငယ်လူရွယ်တွေကို အသုံးချနေတာတွေ၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်ခံစားနေရတာတွေဟာ နိုင်ငံရေးရည်မှန်းချက်အတွက်ဆိုတာထက် အလုံးစုံ ပျက်စီးရေးအတွက် အကြမ်းဖက် နည်းလမ်းကို ရွေးချယ်နေကြတာလို့ ဆိုရမှာပါ။ အထူးသဖြင့် ပဋိပက္ခတွေ ခိုင်ခိုင်မာမာ အမြစ်တွယ်နေတဲ့ မြန်မာနိုင်ငံမှာ အခုလို အကြမ်းဖက်နည်းလမ်းတွေကြောင့် ပဋိပက္ခတွေကိုပိုဆိုးစေပါလိမ့်မယ်။ အထူးသဖြင့် မတူကွဲပြားမှုတွေများပြားတဲ့ မြန်မာနိုင်ငံမှာ တစ်ဖက်တည်း မှန်တဲ့ အဖြေရှာဖို့ထက် အားလုံးအတွက် မှန်တဲ့အဖြေရှာဖို့ ကြိုးစားကြရမှာပါ။ အဲဒါကတော့ သူနိုင် ကိုယ်နိုင် အဖြေပဲဖြစ်ပါလိမ့်မယ်။ လက်ဖဝါးဘက်ကကြည့်ပြီး လက်ဖဝါးသာအမှန်လို့ ပြောနိုင်ပေမယ့် လက်ဖမိုးဘက်ကလည်း လက်ဖမိုးသာအမှန်လို့ ဆိုမှာပါ။ လက်ဖမိုး၊ လက်ဖဝါးအကြား မတူညီတဲ့ အမှန်တရားတွေကို ခြေစုံကန် ဖက်တွယ်ထားဖို့ထက် consensus building အားလုံးသဘောတူတဲ့၊ ဘုံအကျိုးစီးပွားကို ဦးတည်တဲ့ အမှန်တရားကို ရှာဖွေကြဖို့လိုပါလိမ့်မယ်။

ဒါပေမယ့် လက်ရှိအချိန်အထိတော့ အားလုံးသဘောတူတဲ့ ဘုံအကျိုးစီးပွားဆိုတာထက် တစ်ဖက်သတ်အယူအဆတွေ၊ ထိပ်တိုက်ရင်ဆိုင်ရေးတွေကို စိတ်ခံစားချက်နဲ့ လုပ်ဆောင်နေကြဆဲပါပဲ။ ဒါကြောင့်လည်း မြန်မာနိုင်ငံရေးသမိုင်းကြောင်း လွတ်လပ်ရေးမရမီကရော လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာရော ပဋိပက္ခတွေနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။ သူနိုင် ကိုယ်နိုင်ဆိုတဲ့ အဖြေကို မချဉ်းကပ် နိုင်ခဲ့ပါဘူး။

> ❖ **လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့ စိတ်ခံစားချက်နိုင်ငံရေးကြောင့်ပဲ အမှား သံသရာလည်နေကြတာ ယနေ့ထက်တိုင်ပါပဲ။** Politics is the art of the possible, the attainable the art of the next best. **လို့ ဂျာမန်နိုင်ငံရေး ခေါင်းဆောင် အောတိုဗွန် ဘစ်စမတ်က ဆိုခဲ့ပါတယ်။ နိုင်ငံရေးရဲ့ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာအကြား ချင့်ချိန်လက်မခံနိုင်သရွေ့တော့ အကောင်းဆုံးမျှော်မှန်းချက်ဆိုတာထက် အမှားတွေ ထပ်မံဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ အကျိုးဆက်သတ္တုချ ခံစားရတာတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်**

### ရုန်းမထွက်နိုင်သေးတဲ့ ထိပ်တိုက်ရင်ဆိုင်ရေး

အခုဆိုရင် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို သမိုင်းတစ်ကျော့ပြန် ထပ်မံရွေးချယ်လာကြပြန်ပါပြီ။ ခေတ်တွေ၊ စနစ်တွေ ဘယ်လောက်ပြောင်းပြောင်း မြန်မာ့နိုင်ငံရေးသဘောထားနဲ့ အယူအဆကတော့ မပြောင်းလဲသေးဘူးလို့ သတ်မှတ်နိုင်ပါတယ်။ မြန်မာ့နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်လို အမြစ်တွယ်နေဆဲပါ။ ရုန်းမထွက်နိုင်သေးပါဘူး။

> ❖ **အကြမ်းဖက် ထိပ်တိုက်ရင်ဆိုင်မှုကြောင့် နောက်ဆက်တွဲအကျိုးဆက်တွေ ဖြစ်လာပါလိမ့်ဦးမယ်။ သေကျေပျက်စီးမှုတွေ၊ စိုးတထိတ်ထိတ်ဘဝတွေ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး နိမ့်ကျလာမှာတွေ၊ နိုင်ငံတကာနဲ့ယှဉ်ရင် နိမ့်ကျလာမှာတွေဟာ ယခင်ကလည်း ကြုံခဲ့ရပြီးပါပြီ။ ယနေ့ထက်တိုင်လည်း ကြုံနေရဆဲပါ။ ဗြိတိသျှ သမိုင်းပညာရှင်နဲ့ စစ်ပညာရှင်တစ်ဦးဖြစ်တဲ့ ဘီအိတ်ချ် လစ်ဒယ် ဟာတ်ကတော့ သမိုင်းဖြစ်စဉ်ထဲကနေ ကျွန်တော်တို့ ဘာကြောင့် သင်ခန်းစာမယူကြတာလဲ** (Why Don’t We Learn From History?) **လို့ ရေးခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ ဒီနေ့အထိတော့ သမိုင်းအတွေ့အကြုံတွေကို သင်ခန်းစာမယူနိုင်သေးတာ၊ လက်တွေ့အသုံးမချနိုင်သေးတာအပြင် အမှားတွေကို ထပ်ကာထပ်ကာ ကျော့နေတာကို မြင်တွေ့နေရပါတယ်**

တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်ဖက်နဲ့တစ်ဖက် အမြစ်ပြတ်ချေမှုန်းဖို့ ကြိုးစားကြရင်း အပြစ်မဲ့ပြည်သူတွေကတော့ ဒုံရင်းဒုံရင်းဘဝတွေမှာပဲ ကျင်လည်ကြရပါဦးမယ်။ လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြလို့ တိုက်ပွဲနယ်မြေတွေမှာ စစ်ဘေးရှောင်တွေ ဒုက္ခတွေခံစားနေရဆဲပါ။ အခုဆို မြို့တွေမှာ နေ့စဉ်လိုလို ဗုံးတွေပေါက်ကွဲနေပါတယ်။ ပစ်ခတ်မှုတွေ ရှိနေပါတယ်။ နိုင်ငံရေးအဖြေဆိုတာထက် အပြစ်မဲ့ပြည်သူတွေ သေဆုံးတာတွေကိုသာ ကြားနေရပါတယ်။ ဒါတွေဟာ ထိပ်တိုက် ရင်ဆိုင်ရေးရဲ့ အကျိုးဆက်တွေပါပဲ။

### ကျော့နေသော သံသရာနှင့် မဆုံးနိုင်သောအကျိုးဆက်များ

အကြမ်းဖက် ထိပ်တိုက်ရင်ဆိုင်မှုကြောင့် နောက်ဆက်တွဲ အကျိုးဆက်တွေ ဖြစ်လာပါလိမ့်ဦးမယ်။ သေကျေပျက်စီးမှုတွေ၊ စိုးတထိတ်ထိတ်ဘဝတွေ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနိမ့်ကျလာမှာတွေ၊ နိုင်ငံတကာနဲ့ယှဉ်ရင် နိမ့်ကျလာမှာတွေဟာ ယခင်ကလည်း ကြုံခဲ့ရပြီးပါပြီ။ ယနေ့ထက်တိုင်လည်း ကြုံနေရဆဲပါ။ ဗြိတိသျှ သမိုင်းပညာရှင်နဲ့ စစ်ပညာရှင်တစ်ဦးဖြစ်တဲ့ ဘီအိတ်ချ် လစ်ဒယ် ဟာတ် ကတော့ သမိုင်းဖြစ်စဉ်ထဲကနေ ကျွန်တော်တို့ ဘာကြောင့် သင်ခန်းစာမယူကြတာလဲ (Why Don’t We Learn From History?) လို့ ရေးခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ ဒီနေ့အထိတော့ သမိုင်းအတွေ့အကြုံတွေကို သင်ခန်းစာမယူနိုင်သေးတာ၊ လက်တွေ့အသုံးမချနိုင်သေးတာအပြင် အမှားတွေကို ထပ်ကာထပ်ကာ ကျော့နေတာကို မြင်တွေ့နေရပါတယ်။

မဟာဗျူဟာတွေ ဘယ်လောက်မှန်မှန် နည်းဗျူဟာမှားရင် မအောင်မြင်တတ်သလို နည်းဗျူဟာတွေ ဘယ်လောက်မှန်မှန် မဟာဗျူဟာမှားရင် မအောင်မြင်ပါဘူး။ အကြမ်းဖက်နည်းတွေနဲ့ ထိပ်တိုက်ရင်ဆိုင်လာတာကြောင့် ပြည်သူတွေထိခိုက်လာနေတာတွေဟာ မှန်ကန်တဲ့နည်းလမ်းလို့ မဆိုနိုင်ပါဘူး။ ကိုယ့်ဆန္ဒ၊ ကိုယ့်လိုလားချက်တွေအတွက် အပြစ်မဲ့တဲ့ လူငယ်တွေ၊ ပြည်သူတွေကို အသုံးချနေတာ၊ စတေးနေကြတာပါ။

၁၉၈၈ ခုနှစ် အရေးအခင်းမှာ တောထဲရောက်သွားတဲ့ လူငယ်တစ်ယောက်က ရေးဖူးပါတယ်။ ကျောင်းသားလူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ အသုံးချခြင်းခံခဲ့ရတယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဒီအမှားတွေကို သင်ခန်းစာယူကြရမှာပါ။ အမှားတွေကို သင်ခန်းစာမယူနိုင်ဘဲ ထပ်ကာထပ်ကာ အမှားသံသရာလည်နေကြဦးမယ်ဆိုရင် ရည်မှန်းချက်လည်း မအောင်မြင်နိုင်သလို ကိုယ်တိုင်လည်း ဒုက္ခရောက်၊ အပြစ်မဲ့ပြည်သူတွေလည်း ဒုက္ခရောက်ကြရမှာကို အထူး သတိချပ်သင့်ပါတယ်။

### ခံစားချက်နဲ့ နိုင်ငံရေး

မြန်မာ့နိုင်ငံရေးရဲ့ အားနည်းချက်တစ်ရပ်ကတော့ နိုင်ငံရေးကို စိတ်ခံစားချက်နဲ့ လုပ်ဆောင်နေကြခြင်းလို့ မြင်မိပါတယ်။ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုး ပါကောင်း ပါနိုင်ပေမယ့် နိုင်ငံရေး လုပ်ဆောင်ရာမှာတော့ ပုဂ္ဂိုလ်ရေးတွေ၊ ချစ်ခြင်း၊ မုန်းခြင်း အာဃာတ အပါအဝင် စိတ်ခံစားချက်တွေ၊ လောဘတွေနဲ့ လုပ်ဆောင်နေကြတဲ့အတွက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေ၊ အသွင်ကူးပြောင်းရေး အဆင့်နဲ့ သဘောတရားတွေ၊ နိုင်ငံရေးမဏ္ဍိုင်တွေကို အလေးထားဖို့ထက် လိုရာစွဲသုံးလာကြတာ တွေ့ရ ပါတယ်။ ဒ့ါအပြင် မြန်မာ့နိုင်ငံရေးပြဿနာတွေရဲ့ ရင်းမြစ်အကြောင်းတရားကို အစွဲ ကင်းကင်းနဲ့ရှာဖို့ထက် စိတ်နောက်ကိုယ်ပါ တစ်ဖက်သတ်အမှန်တရားတွေကိုပဲ တရားသေ ဆုပ်ကိုင်ထားကြတာကို တွေ့မြင်နေရဆဲပါ။ ဒါဟာ ပြဿနာတစ်ရပ် ဖြေရှင်းဖို့ထက် ပြဿနာကို ပိုမိုကြီးထွားစေဖို့ အကြောင်းတရားတွေ ဖြစ်လာနေပါတယ်။

**လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့ စိတ်ခံစားချက်နိုင်ငံရေးကြောင့်ပဲ အမှားသံသရာလည်နေကြတာ ယနေ့ထက်တိုင်ပါပဲ။ Politics is the art of the possible, the attainable — the art of the next best. လို့ ဂျာမန်နိုင်ငံရေးခေါင်းဆောင် အောတိုဗွန် ဘစ်စမတ်က ဆိုခဲ့ပါတယ်။** နိုင်ငံရေးရဲ့ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာအကြား ချင့်ချိန်လက်မခံ

*စာမျက်နှာ ၂၅ သို့*

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းအပ်နှံမှုမှာ ပထမဦးဆုံးနေ့မှာပင် ၁၃ ရာခိုင်နှုန်းဝန်းကျင်အထိရှိခဲ့

**ရန်ကုန် မေ ၂၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများအား ယနေ့စတင်ကျောင်းအပ် လက်ခံခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများဖြစ်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အားလုံး အပ်နှံမှုမှာ ပထမဦးဆုံး နေ့မှာပင် ၁၃ ရာခိုင်နှုန်း ဝန်းကျင်ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနသည် လာမည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်/လယ်/ မူ ကျောင်းများအားလုံးကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ကြေညာခဲ့ရာ ယနေ့ ကျောင်းအပ်နှံမှု လုပ်ငန်းများကို အခြေခံပညာကျောင်းများအားလုံး စတင်လက်ခံခဲ့ကြသည်။ ယင်းသို့ စတင်လက်ခံရာတွင် မိဘများ၏ စိုးရိမ်ပူပန်အကဲခတ်မှုများကြောင့် ယနေ့စတင်လက်ခံသည့်နေ့တွင် ယခင်နှစ်များကဲ့သို့ ကျိတ်ကျိတ်တိုး မရှိခဲ့သော်လည်း အခြေခံပညာကျောင်း အသီးသီးတွင် လာရောက် အပ်နှံမှုများရှိခဲ့ပြီး ယင်းသို့ အပ်နှံရာတွင် မေ ၂၄ ရက်ပထမဆုံး ကျောင်းအပ်လက်ခံသည့်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထက်၊ လယ်၊ မူ ကျောင်းအားလုံး ကျောင်းအပ်နှံမှုမှာ



၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။

ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၈၂ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။

"ဒီကနေ့ စတင်ကျောင်းအပ်လက်ခံတဲ့နေ့မှာ မိဘတွေအနေနဲ့ စောင့်ကြည့်ပြီး ကျောင်းအပ်နှံတဲ့ သဘောမျိုးလေးတွေ တွေ့ရတယ်။ ကျောင်းအပ်လက်ခံတာက ပထမဆုံးနေ့လည်း ဖြစ်တော့ ရာခိုင်နှုန်းအားဖြင့် နည်းနေပါသေးတယ်။ အချိန်ပေးထားတာဆိုတော့ နောက်နေ့တွေမှာ ပိုတိုးလာမှာပါ။ ကျောင်းအနေနဲ့ကလည်း လာအပ်သလောက် လက်ခံပြီး ရှိသလောက်သင်သွားမှာပါ။ ကိုဗစ်ကြောင့်လည်း ကလေးတွေ တစ်နှစ် နစ်နာခဲ့ရပြီးပြီ။ ဒီပညာသင်နှစ်မှာတော့ ကလေးတွေအတွက် အကျိုးရှိရှိ အကောင်အထည်ဖော် ပေးသွားမှာပါ။ ကျောင်းကားတွေအနေနဲ့လည်း လိုအပ်မှုမရှိဘဲ အဆင်ပြေအောင် စီစဉ်ပေးသွားဖို့ ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်နှင်းကြည် (ဒုတိယညွှန်ကြားရေးမှူးချုပ်) က အခြေခံကျောင်း စတင်အပ်နှံပေးမှုနှင့် ပတ်သက်၍ ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မေ ၂၄ ရက်စတင်ကျောင်းအပ်နှံမှုမှာ မူလတန်းအဆင့် ၃၆၂၅၇ ဦး၊ အလယ်တန်းအဆင့် ၁၅၀၁၉ ဦးနှင့် အထက်တန်းအဆင့် ၃၃၆၇ ဦး ရှိကာ စုစုပေါင်း ကျောင်းအပ်ခံမှုမှာ ပထမဦးဆုံးနေ့မှာပင် ငါးသောင်းကျော်ရှိခဲ့သည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း ယခုအချိန်အထိ အလုပ်ဝင်ရောက်မှုမှာ ၇၂ ဒသမ ၆၈ ရာခိုနှုန်းရှိ၍ လိုအပ်သော ပမာဏကိုလည်း ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများ သင်ယူမှုမထိခိုက်စေရန် များမကြာမီတွင် စတင်ခန့်အပ်ရန် လျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အထက်တန်းကျောင်း ၄၀၈ ကျောင်းမှ ကျောင်းသား ၁၅၁၁၂၇ ဦး၊ အလယ်တန်းကျောင်း ၆၆၂ ကျောင်းတွင် ကျောင်းသားဦးရေ ၃၇၃၈၆၁ ဦးနှင့် မူလတန်းကျောင်း ၁၆၈၈ ကျောင်းတို့တွင် ကျောင်းသားဦးရေ ၅၁၃၈၆၆ ဦး စုစုပေါင်း ကျောင်းသား ဆယ်သိန်းကျော် တက်ရောက်ပညာသင်ယူကြမည်ဖြစ်သည်။ ဆရာ ဆရာမ ဦးရေမှာလည်း မူလတန်းပြ ၁၅၁၈၈ ဦး၊ အလယ်တန်းပြ ၁၆၀၅၂ ဦး နှင့် အထက်တန်းပြ ၅၁၀၆ ဦးရှိကာ လာမည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်ရေး လိုအပ်သော ဆရာ၊ ဆရာမများကိုလည်း အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပေးရန် ပြင်ဆင်လျက်ရှိသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# အမှတ် (၅၃) အဆန်၊ အမှတ် (၅၄) အစုန် RBE ရထား ကန့်ဘလူ- မန္တလေး- ကန့်ဘလူ ယာယီပြောင်းလဲပြေးဆွဲ

**ကန့်ဘလူ မေ ၂၅**

ရထားစီးခရီးသွားမိဘပြည်သူများ အဆင်ပြေလွယ်ကူစွာရထားစီးနင်းနိုင်ကြစေရန်အတွက် မြန်မာ့မီးရထားမှ အမှတ်(၅၃)အဆန်၊ အမှတ်(၅၄)အစုန် RBE ရထားသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ကန့်ဘလူဘူတာမှ မန္တလေး- ကန့်ဘလူသို့ မေ ၂၅ ရက်မှစတင်၍ ယာယီပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ကန့်ဘလူဘူတာရုံပိုင်ကြီးထံမှ သိရသည်။

အဆိုပါရထားသည် ယခုနှစ် ဧပြီ ၂၇ ရက်ကစတင်၍ မန္တလေးဘူတာကြီးမှ နံနက် ၆ နာရီခွဲတွင်စတင်ထွက်ခွာပြီး ကန့်ဘလူဘူတာသို့ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ကန့်ဘလူဘူတာမှ မန္တလေးဘူတာကြီးသို့ ပြန်လည်ထွက်ခွာရာ ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်ကြောင်း သိရသည်။

ယခုအခါ ကန့်ဘလူဘူတာမှ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေးသို့ နေ့ချင်းပြန်သွားမည့်ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစေရန်အတွက် မေ ၂၅ ရက်မှစတင်၍ ကန့်ဘလူဘူတာမှထွက်ခွာမည်ဖြစ်သည်။ ထိုသို့ ထွက်ခွာရာတွင် ကန့်ဘလူဘူတာမှ နံနက် ၆ နာရီတွင်စတင်ထွက်ခွာပြီး မန္တလေးဘူတာကြီးသို့ နံနက် ၁၀ နာရီ ၄၅ တွင်ဆိုက်ရောက်မည်ဖြစ်သည်။အဆိုပါရထားသည် မွန်းလွဲ ၂ နာရီ မန္တလေးမှ ထွက်ခွာ၍ ကန့်ဘလူဘူတာသို့ ညနေ ၆ နာရီခွဲတွင် ဆိုက်ရောက်ကာ ညအိပ်ရပ်နားမည်ဖြစ်ကြောင်းသိရသည်။

လမ်းခရီးဘူတာများဖြစ်သော ထန်းကုန်း၊ ထန်းတပင်(ဇီးကုန်း)၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ပဒူ၊ အမရပူရ ဘူတာများတွင် နှစ်မိနစ်ခန့်ရပ်တန့်ပေးသွားမည်ဖြစ်ပြီး RBE ရထားလက်မှတ်ခမှာ ကန့်ဘလူဘူတာမှ ခင်ဦးဘူတာအထိ ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀၀ ၊ မန္တလေး ဘူတာကြီးအထိ ကျပ် ၄၀၀၀ ဖြစ်ကြောင်းနှင့် ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ထိုင်ခုံ နှစ်ခုံလျှင် ခရီးသည်တစ်ဦးသာ စီးနင်ရမည်ဖြစ်ပြီး



နှာခေါင်းစည်း တပ်ဆင်စီးနင်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူဘူတာ တာဝန်ခံရုံပိုင်ကြီး ဦးဝင်းမြင့် ပြောကြားချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

*စာမျက်နှာ ၂၄ မှ*

**နိုင်သရွေ့တော့ အကောင်းဆုံးမျှော်မှန်းချက်ဆိုတာထက် အမှားတွေ ထပ်မံဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ အကျိုးဆက်သတ္တုချ ခံစားရတာတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။**

**အစွယ်လိုသူ မိဖုရား**

**မြို့တွေမှာ ဗုံးတွေပေါက်ကွဲ၊ မီးတွေရှို့၊ အမြင်မတူသူတွေကို ခြိမ်းခြောက်ကြ ၊ သတ်ဖြတ်ကြနဲ့ နေ့စဉ်လူမှုဘဝတွေဟာ အထိတ်တလန့်လန့်နဲ့ ကျီးလန့်စာစား ဖြစ်နေတာကို တွေ့ရပါတယ်။ ဒ့ါအပြင် နိုင်ငံခြားငွေဈေး၊ ရွှေဈေး၊ ကုန်ဈေးနှုန်း၊ စက်သုံးဆီ ဈေးနှုန်းတွေ တက်လာတာကြောင့် စားဝတ်နေရေးဟာ ပိုမိုကျပ်တည်းလာနေပါတယ်။ ကိုဗစ် ၁၉ ကြောင့် စီးပွားရေးကျဆင်းနေတာ၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးနေတာ၊ ဆင်းရဲမှုနှုန်း စတဲ့ နိုင်ငံရဲ့ကျဆင်းသွားတဲ့ အခြေအနေတွေကို ပြန်လည်ထူထောင်ရေးတွေ မလုပ်ဆောင်နိုင်သေးပါဘူး။ ဒီလိုအခြေအနေမှာ အကြမ်းဖက် လုပ်ရပ်တွေကြောင့် ပြည်သူတွေအတွက်တော့ နူရာဝဲစွဲ၊ လဲရာ သူခိုးထောင်း ဆိုသလို တစ်ပူပေါ် နှစ်ပူဆင့် နေရပါတယ်။ ဒီလိုဖြစ်နေတာတွေဟာ နိုင်ငံရေးရည်မှန်းချက်တွေလားလို့ မေးချင်ပါတယ်။**

ပြည်သူတွေကတော့ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲက သောနုတ္တိုရ်မုဆိုးက ဆဒ္ဒန်ဆင်မင်းကို လျှောက်တင်သလို "အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်း ကောရာဇ်၊ လေးပစ်သူ ဘုရာ့ကျွန်တော်၊ ကြံဖေါ်ကြံဖက် သုံးယောက်သား အနက်တွင်မှ၊ ကံကွက်ကျား၍ ငမိုက်သား မုဆိုးလေ၊ နင့်ချည်းပင် သေပေတော့ဟု၊ ငွေတောင်ကြီး အပာန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော်အား သတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာ ရှေးရှု၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရ ပါတော့မည်ဘုရား" ဆိုသလိုပါပဲ။

အခုလည်း အသုံးချသူ၊ အသုံးချခံရသူအကြား ခံစားနေကြတဲ့ အပြစ်မဲ့ပြည်သူတွေ။ ဆဒ္ဒန်ဆင်မင်းဇာတ်တော်မှာတော့ ကလဲ့စားချေလိုတဲ့ စူဠသုဘဒ္ဒါမိဖုရားကြောင့် ဆဒ္ဒန်ဆင်မင်း အသက်ဆုံးရှုံးခဲ့ရသလို စူဠသုဘဒ္ဒါလည်း ရင်ကွဲနာကျ သေဆုံးခဲ့ရပါတယ်။ အာဃာတနဲ့ လက်စားချေလိုတဲ့ ခံစားချက်ဆန္ဒဇောကြောင့် အလုံးစုံပျက်စီးခြင်းနဲ့ နိဂုံးချုပ်ခဲ့ရတာ သံဝေဂယူစရာပဲ ဖြစ်ပါတယ်။

**သင်ခန်းစာယူကြဖို့လို**

မြန်မာ့နိုင်ငံရေးမှာ ထိခိုက်ဆုံးရှုံးမှုတွေ၊ အမှားသံသရာတွေက ရုန်းထွက်ဖို့ဆိုရင် အတိတ်သင်ခန်းစာတွေကို အတုယူဖို့ တိုက်တွန်းလိုပါတယ်။ အော်တိုဗွန်ဘစ်စမတ် စကားကိုပဲ ထပ်မံ ကိုးကားလိုပါတယ်။ Only a fool learns from his own mistakes. The wise man learns from the mistakes of others. အရူးတွေပဲ ကိုယ့်အမှားတွေကနေ ကိုယ်သင်ခန်းစာယူတာ၊ ပညာရှိသူကတော့ သူများအမှားတွေကနေ သင်ခန်းစာယူတာပဲလို့ ဆိုပါတယ်။ မြန်မာ့သမိုင်းမှာ သင်ခန်းစာ ယူစရာတွေ၊ ဆောင်ရန် ရှောင်ရန်တွေ အများအပြားရှိနေပါတယ်။ ယူတတ်ဖို့နဲ့ ယူချင်စိတ် ရှိဖို့သာ လိုပါတယ်။ ဒါဆိုရင်တော့ ဆုံးရှုံးမှုအနည်းဆုံး၊ ထိခိုက်မှုအနည်းဆုံးနဲ့ မြန်မာ့နိုင်ငံရေး အနာဂတ်ခရီး ရှေ့ဆက်နိုင်ပါလိမ့်မယ်။ ။

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ဆေးကုသရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံနှင့် ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအားပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက်နံနက်ပိုင်းမှစတင်၍နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ အပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းများလာရောက်အပ်နှံစဉ် ကျောင်းသား၊ ကျောင်းသူများ အတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် COVID-19 ကာကွယ်ရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် COVID-19 ရောဂါကာကွယ်ကုသမှု ကာလအတွင်း Qurantine ဆောင်များ အဖြစ်အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံဆေးတပ်ရင်းမှ တပ်မတော်သားများက လိုအပ်သည့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်း တစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၂၅

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေး အဖွဲ့များစုစည်း၍ ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်ပြည်သူလူထု၏အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၁၉၈၈၃ ဦးနှင့် အတွင်းလူနာပေါင်း ၆၆၅၃၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၂၆၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၂၅၉ ဦး၊ စုစုပေါင်း ၁၅၅၂၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၅၂၆၉ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၇၁၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၂၉၈၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## နေ့အပူချိန်များ

နေပြည်တော် မေ ၂၅

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

မိုး/ဇလ

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဖိနပ်အောက်ခံဆိုးပြားစက်ရုံနှင့် အထည်ချုပ်စက်ရုံတို့အား မီးရှို့ဖျက်ဆီးမှု ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆) ရပ်ကွက် ၌ မတ် ၂၉ ရက်တွင် အဆိုပါရပ်ကွက် အောင်တံခွန်လမ်းနေ ဦးဇော်မင်းအား ထွန်းထွန်းလှိုင်(ခ)ဖက်တီးနှင့် ကိုချမ်း တို့ ဦးစီးသော အကြမ်းဖက်သူ ၄၀ ခန့်အနက် ကျော်ကိုကို၊ ဝင်းကိုကို (ခ) အူဝဲ၊ ကျော်မင်းထွန်း၊ ငြိမ်းကျော်သိန်းနှင့် နိုင်းနိုင်း (ခ) ရွှေငါး တို့က ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ပြီး အမှတ် (၅၆) လမ်းရှိ မီးရှို့ထားသည့် မီးပုံအတွင်းသို့ ပစ်ထည့်ကာ လူသတ်မှုကျူးလွန်ခဲ့ကြပြီး စောရဲနိုင်(ခ) ရဲလေး၊ ခိုင်မြဲ (ခ) သော်ဇင်နိုင်၊ စိုးပြည့်အောင် (ခ) အောင်အောင်၊ အောင်မျိုးလင်း (ခ) ကြက်ဖ၊ အေးငြိမ်းအောင်၊ မိုးမိုးမြင့်အောင် (ခ) မမိုးမြင့်၊ မင်းသူ၊ ရဲကျော်၊ ထွန်းထွန်းလှိုင်(ခ) ဖက်တီး၊ ကိုချမ်း၊ ဇာနည်၊ ဥာဏ်လင်းထက်၊ ရာကျော်တို့က အားပေးကူညီမှုပြုခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံး ဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၀၂(၁)(ဂ)/၁၁၄ အရ ၎င်းတို့အား မေ ၂၄ ရက်တွင် “သေဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။



(ဝဲမှယာ) ဇော်မိုး၊ ကျော်ကျော်လင်း၊ အောင်မျိုးသူ၊ အေးမင်းထိုက်(ခ)မင်းမင်း၊ စန်းနွဲ့၊ သူရ(ခ)ရာဆင်၊ ဝေသူဟိန်း၊ အောင်ဇော်လင်း၊ ကိုဖြိုး(ခ)ဖြိုးကိုကိုနှင့် အေးသွင်။

### ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူများအနက် ငြိမ်းကျော်သိန်း(၁၇ နှစ်) နှင့် မင်းသူ (၁၅ နှစ်) တို့သည် ပြစ်မှုကျူးလွန်သည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်သေးသည့် ကလေးသူငယ်များဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာကလေးသူငယ် တရားရုံးသို့ လွှဲပြောင်းစစ်ဆေးရန်အမိန့်ချမှတ်ခဲ့ပြီး ထွန်းထွန်းလှိုင် (ခ) ဖက်တီး၊ ကိုချမ်း၊ ကျော်ကိုကို၊ ကျော်မင်းထွန်း၊ ဇာနည်၊ ဉာဏ်လင်းထက်နှင့် ရဲကျော် တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

### “အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်” အမိန့်ချမှတ်

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် မြေတိုင်း (၂၂) အလယ်ကျေးရွာ ဦးဖိုးလှိုင်လမ်းနှင့် ဦးရွှေဘင်လမ်းထောင့် အကွက် အမှတ် (၂၀) ရှိ Myanmar Rong Wei New ဖိနပ်အောက်ခံဆိုးပြားစက်ရုံနှင့် မြေတိုင်း အမှတ်(၂၅) အကွက် အမှတ်(၉၄/၉၅) ဦးထွန်းညိုလမ်းရှိ Yuan Hong Garment အထည်ချုပ်စက်ရုံတို့ကို မတ် ၁၄ ရက်တွင် မီးရှို့ဖျက်ဆီးမှု ကျူးလွန်ခဲ့ကြသည့် အောင်ဇော်လင်း (ဘ) ဦးဇော်ဇော်၊ အောင်မျိုးသူ (ဘ) ဦးလှဆန်း၊ ကျော်ကျော်လင်း (ဘ) ဦးကြည်ဝင်း၊ အေးမင်းထိုက် (ခ) မင်းမင်း(ဘ) ဦးလှဝေ၊ ဝေသူဟိန်း (ဘ) ဦးခင်မောင်နွယ်၊ စန်းနွဲ့(ဘ)ဦးမြကြီး၊ အေးသွင် (ဘ) ဦးအောင်တင်၊ ဇော်မိုး (ဘ) ဦးမောင်မောင်၊ သူရ (ခ) ရာဆင် (ဘ) ဦးမောင်မောင်၊ ကိုဖြိုး (ခ) ဖြိုးကိုကို(ဘ) ဦးမြသန်း၊ နိုင်လင်း(ဘ)ဦးတွတ်ပီ၊ ခင်မောင်လွင် (ဘ) ဦးတင်စိန်၊ တင်ဇော်မြင့် (ဘ) ဦးမြင့်ရွှေ၊ ဇော်မင်းသန်း (ဘ) ဦးမင်းနိုင်၊ ဖိုးထူး (ဘ) ဦးစိန်ဝင်း၊ တိုးတက် (ခ) ကျောင်းဆရာ၊ ကျော်ရဲနိုင် (ခ) ရဲကြီး (ဘ) ဦးကြည်ညွန့်၊ အောင်ကိုသက် (ဘ) ဦးခင်မောင်၊ တင်ထွန်း (ခ) ကုလား (ဘ) ဦးအောင်ဝင်း၊ သက်နိုင်(ခ)မီးသွေး(ဘ )ဦးထွန်းတင်၊ အောင်ဆန်းလင်း (ခ) ဝတုတ် (ဘ) ဦးအောင်သူ၊ ကိုပေါက် (ဘ) ဦးရွှေပေါက်၊ တရုတ်ကြီး (ဘ) ဦးနိုင်ဦး၊ ဇော်မင်း (ဘ) ဦးဇော်ဝင်းထွန်း၊ သိန်းသန်းထွန်း (ဘ) ဦးထွန်းထွန်း၊ ဝိုင်းမင်း (ဘ) ဦးမင်းနိုင်၊ ဟန်စိုး (ခ) ဟန်ဝင်း (ဘ) ဦးမောင်ဟန်နှင့် ခင်မောင်ဝင်း (ဘ) ဦးဝင်းမြင့် တို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၄၃၆/၁၁၄ အရ ၎င်းတို့အား မေ ၂၄ ရက်တွင် “အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ ၂၈ ဦးအနက် နိုင်လင်း၊ ခင်မောင်လွင်၊ တင်ဇော်မြင့်၊ ဇော်မင်းသန်း၊ ဖိုးတူး၊ တိုးတက် (ခ) ကျောင်းဆရာ၊ ကျော်ရဲနိုင်(ခ) ရဲကြီး၊ အောင်ကိုသက်၊ တင်ထွန်း (ခ) ကုလား၊ သက်နိုင် (ခ) မီးသွေး၊ အောင်ဆန်းလင်း (ခ) ဝတုတ်၊ ကိုပေါက်၊ တရုတ်ကြီး၊ ဇော်မင်း၊ သိန်းသန်းထွန်း၊ ဝိုင်းမင်း၊ ဟန်စိုး (ခ) ဟန်ဝင်း နှင့် ခင်မောင်ဝင်း တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ နှစ်ဦးအား ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်

**နေပြည်တော် မေ ၂၅**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ကျေးရွာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ နှစ်ဦးအား အကြမ်းဖက် အုပ်စုများက အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ် လုပ်ကြံခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ရမည်းသင်း မြို့နယ် အင်းပေါင်တောင်ကျေးရွာနေ အင်းပေါင်ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးဖြစ်သူ ဦးမြင့်နိုင် (၅၄) နှစ်နှင့် ရာအိမ်မှူးဖြစ်သူ ဦးတင်ဇော်ဝင်း (၅၁) နှစ်တို့ နှစ်ဦးသည် အင်းပေါင်ကျေးရွာမှ ရမည်းသင်းမြို့သို့ ရမည်းသင်း-မြို့လှ ကားလမ်းအတိုင်း ဆိုင်ကယ်တစ်စီးဖြင့် ထွက်ခွာလာစဉ် မကျီးကုန်းကျေးရွာအနီး အရောက်တွင် အနောက်မှ ဆိုင်ကယ် နှစ်စီးဖြင့် လိုက်ပါလာသော အကြမ်းဖက်သူ အမျိုးသား လေးဦး (စိစစ်ဆဲ) က ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ခဲ့သဖြင့် ဦးမြင့်နိုင်နှင့် ဦးတင်ဇော်ဝင်းတို့တွင် ဝဲချိုစောင်း၊ နားထင်၊ ပါး၊ နှာခေါင်း၊ လည်ပင်းနှင့် ဝဲပခုံးတို့တွင် ပြတ်ရှဒဏ်ရာများ (စိုးရိမ်ရ) အသီးသီး ရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံမှ တစ်ဆင့် နေပြည်တော်၊ ခုတင် (၁၀၀၀) ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူ နှစ်ဦးအား ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ခဲ့သည့် အကြမ်းဖက်သမား လေးဦးအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်ရှိ ဟိုပင်တံတားအား လက်နက်ကိုင်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ရှိ ဟိုပင်တံတားအား လက်နက်ကိုင် သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေလ ၂၄ ရက် ည ၈ နာရီခွဲခန့်တွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက်ရှိ ဟိုပင်–မြစ်ကြီးနားကားလမ်းပေါ်ရှိ သရက်ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော အလျားပေ ၃၀၀ ခန့်ရှိ သံပေါင်ဘေလီအမျိုးအစား ဟိုပင်တံတား (ဒေသအခေါ် ဝက်ကုန်းတံတား) အား အကြမ်းဖက် သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ တံတားမှာပေါက်ကွဲမှုကြောင့် မြစ်ကြီးနားဘက် တံတားအစပ်မှာ ကျိုးကျပျက်စီးနေပြီး အဆိုပါ အခြမ်းတံတားအောက်ခြေတွင် မိုးကောင်းမြို့နယ်ဘက်မှ မောင်းနှင်လာသည်ဟု ယူဆရသည့် အမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်သည် ကျိုးကျနေသည့် တံတားပေါ်ဖြတ်သန်းမောင်းနှင်မိ၍ တံတားအောက်ပြုတ်ကျကာ ဦးခေါင်းကွဲဒဏ်ရာဖြင့် သတိလစ်နေသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး မိုးညှင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါတံတားပတ်ဝန်းကျင်အား ရှင်းလင်းစစ်ဆေးခဲ့ရာ တံတား၏ ကျိုးကျပျက်စီးနေသည့်အခြမ်း အရှေ့ဘက်အခြမ်း၌ မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ပြီး တံတားပျက်စီးသွားမှုကြောင့် လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိသေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**


အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရသည်။

ဆက်လက်၍လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**B.A, B.L, B.C.S**

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ် (၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် 449(W)နေ (ဝဏ္ဏကျော်ထင် ဦးသိမ်တိုး-ဒေါ်သိန်း)တို့၏သား၊ (သီရိပျံချီ ဦးအေးမောင်-ဒေါ်ရင်ပို)တို့၏သမက်၊ (ဒေါ်အေးကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းနိုင်)-ဒေါက်တာခင်သီတာတိုး၊ ဦးဝင်းလွင်-ဒေါ်ခင်စန္ဒာတိုး တို့၏ကျေးဇူးရှင်ဖခင်၊ ဦးဘိုဘိုသုန်-ဒေါ်ငုဝါနိုင်၊ ဦးကျော်မင်းထွန်း-ဒေါ်ခိုင်ငြိမ်းငယ်၊ ဒေါက်တာစုစန္ဒီ၊ ဒေါက်တာကျော်ကိုကို၊ ဒေါ်ဇွန်သီထက်တို့၏ ချစ်လှစွာသော ဘိုးဘိုး၊ မမြသီရိဘို (Miranda)တို့၏ ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၂၁(တနင်္လာနေ့) ည ၆:၄၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၆-၅-၂၀၂၁(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက်(၉၆)နှစ်**

နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း) သရေစည်သူ ဦးအောင်တိုးသည် ၂၄-၅-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားသူကြီးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်း မိသားစုများ**

---

## ဗိုလ်ကြီး သောင်းဝင်း(ငြိမ်း)

## ကြည်း-၈၄၇၈၊ OTS(25)

**အသက်(၈၉)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ (ဦးပေါအိ-ဒေါ်ရွှေစိန်)တို့၏သား၊ ရန်ကုန်မြို့နေ [သခင်လှမောင်(ဇလွန်) - ဒေါ်သန်းကြည်]တို့၏သားသမက်၊ ဒေါ်ခင်နုယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း - ဗိုလ်ကြီး တင့်မြိုင်(ငြိမ်း)၊ ဗိုလ်မှူးကြီး ထိန်လင်း - ဒေါ်မြင့်သီတာအောင်၊ ဒုတိယ ဗိုလ်မှူးကြီး လှမင်း(ငြိမ်း)-ဒေါ်သူဇာတင်ဝင်း၊ ဒေါ်ခင်မာအေး၊ ဗိုလ်မှူး ကျော်ဝင်းထွန်း (ငြိမ်း)-ဒေါ်စမ်းစမ်းဦး၊ ဒေါ်ခင်ကျော့ခိုင်-ဦးညီညီအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေး (၁၂) ယောက်၊ မြစ်(၂)ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၅-၂၀၂၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ဆရက(၂/၁၀၀၀)၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ပုဗ္ဗသီရိမြို့နယ်၊ ကျေ့ကြီး စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၁၈၈၊ မြေကွက်တည်နေရာ အမှတ်၁၈၈၊ မန္တလေးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှသိမ်း (TGA-၀၀၃၅၀၀) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် (ခင်ပွန်း)ဖြစ်သူ ဦးလှသိမ်းသည် ၂၉-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ဝင်းကြည် ၁၂/သကတ (နိုင်) ၀၁၆၂၃၅ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## သွေးသည် အသက်

---

## ဦးသိမ်းဝင်း

**တရားလွှတ်တော်ရှေ့နေ**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ စိန်ပန်းလမ်း၊ အမှတ်(၅/၁၀၉)နေ (ဦးကျော်သောင်း-ဒေါ်သန်းရီ)တို့၏သား၊ (ဦးအေးကျော်)-ဒေါ်မြင့်မြင့်ခင်တို့၏ ညီ၊ (ဒေါ်ယဉ်ယဉ်အေး)၏ခင်ပွန်း၊ ကိုကျော်ထင်အောင်-မယွန်းနန္ဒာတို့၏ဖခင်၊ မောင်ဇေယျာစစ်နိုင်၏ အဘိုးသည် ၂၄-၅-၂၀၂၁ရက် ညနေ ၆: ၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၁ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၆၉၈ (က+ခ)ပါမစ်မြေကွက်အား ပိုင်ရှင်ဖြစ်သူ ဦးစောလွင် ၁၂/ကမတ(နိုင်) ၀၁၃၀၀၀ မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင် ၇/ကတခ (နိုင်) ၁၆၇၈၈၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဝင်းနိုင်ထံသို့ဖြစ်စေ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး(ဥပဒေဘွဲ့)** | **ဦးတင်ထွဋ်ဇော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၃၅၁၁(၁၉-၁၂-၈၅)** | **စဉ်-၅၄၁၆၁ (၂၉-၁-၂၀၂၁)** |
| **အမှတ် (၄၃-ခ)၊ ပထမထပ်၊ သိပ္ပံလမ်း၊** | **အမှတ်-၄၃(ပ)ထပ်၊ သိပ္ပံလမ်း၊** |
| **အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | **ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊** |
| **ဖုန်း-၀၉-၄၂၈၅၈၇၇၄၄** | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၂၅၀၆၈၅၀၀၇** |

**ဦးဝင်းနိုင်**
**၇/ကတခ(နိုင်)၁၆၇၈၈၀**
**ဖုန်း-၀၉-၇၉၆၆၁၈၀၀၃**

**ဦးဝင်းနိုင်၏ရှေ့နေများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် 449(W)နေ (ဒေါ်အေးကြည်)၏ချစ်လှစွာသောခင်ပွန်း သရေစည်သူ ဦးအောင်တိုးသည် ၂၄-၅-၂၀၂၁ရက်(တနင်္လာနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးကျော်ဆန်း-ဒေါ်ကြည်ကြည်ဝင်းမိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် 449(W)နေ (ဒေါ်အေးကြည်)၏ချစ်လှစွာသောခင်ပွန်း သရေစည်သူ ဦးအောင်တိုးသည် ၂၄-၅-၂၀၂၁ရက်(တနင်္လာနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် 449 W နေ (ဝဏ္ဏကျော်ထင် ဦးသိမ်တိုး-ဒေါ်သိန်း) တို့၏သား (သီရိပျံချီ ဦးအေးမောင်-ဒေါ်ရင်ပို)တို့၏ သမက်၊ (ဒေါ်အေးကြည်)၏ ချစ်လှစွာသော ခင်ပွန်း သရေစည်သူ ဦးအောင်တိုး နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)သည် ၂၄-၅-၂၀၂၁ ရက် (တနင်္လာနေ့) ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားသူကြီးများ**
**ရှမ်းပြည်နယ်တရားရေးဦးစီးမှူး၊ ရှမ်းပြည်နယ်အတွင်းရှိ**
**တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သရေစည်သူ ဦးအောင်တိုး

**နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဘိုးဘိုးကြီး (ဝဏ္ဏကျော်ထင် ဦးသိမ်တိုး-ဒေါ်သိန်း)တို့၏သား၊ ဘိုးဘိုး (ဒေါက်တာ ဦးမြင့်တိုး-ဒေါ်ခင်ခင်လတ်)တို့၏အစ်ကို သရေစည်သူ ဦးအောင်တိုး (နိုင်ငံတော် တရားသူကြီးချုပ်-ငြိမ်း)သည် ၂၄-၅-၂၀၂၁ရက်(တနင်္လာနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုလင်းထက်အေး-ဒေါက်တာသင်းရနံ့အောင်**
**Htet Moe Pwint Co.,Ltd**

---

## ဦးဇော်ဇော်မိုး

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ သံသုမာလမ်း၊ အမှတ် T.8 နေ (ဦးတင်လှ)-ဒေါ်စန်းကြည်တို့၏သား၊ (ဦးပန်းတင်)-ဒေါ်နှင်းမြတို့၏သားသမက်၊ ဒေါ်အေးမော်လွင်၏ ခင်ပွန်း၊ မအင်ကြင်းမိုး၊ မခွာညိုသစ်၊ မောင်ထက်ဦးလူတို့၏ ဖခင်၊ ဦးသန်းနိုင်-ဒေါ်သန်းသန်းဦး၊ ဦးညီညီရှိန်-ဒေါ်နီနီလွင် တို့၏ မောင်/အစ်ကို၊ ဦးဌေးလွင်-ဒေါ်စိန်စိန်မြင့်၊ ဦးအေးလွင်-ဒေါ်ခင်မျိုးဆက်တို့၏ မောင်/အစ်ကိုသည် ၂၄-၅-၂၀၂၁ရက် နံနက် ၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၂၂၇)၊ ဒုတိယထပ် (ဘယ်)တိုက်ခန်းနှင့် ရေ၊ မီး၊ မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် သက်ဆိုင်သော စာချုပ်စာတမ်းမူရင်းများအားလုံးမှာ ကျွန်တော်ခရီးသွားနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများဆက်သွယ်ပေးပါရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာစိုးထွဋ် ၁၂/ရကန(နိုင်)၀၆၁၃၆၇**
**ဖုန်း-၀၉-၄၂၅၀၃၀၉၉၉**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး

## ဒေါ်ကြိုင် (ဖျာပုံ/မော်လမြိုင်မြို့)

**အသက် (၉၅)နှစ်**

ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ ဆည်ဝန်ကြီးဌာန)- ဒေါ်ကေသီ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်) တို့၏ ကျေးဇူးရှင် မိခင်ကြီးသည် ၂၂-၅-၂၀၂၁ ရက် (စနေနေ့) ညနေ (၃:၄၅) နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

---

## တစ်လပြည့်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး

## ဒေါ်သိန်းကြည်

**(ဦးစီးစာရင်းကိုင်-ငြိမ်း) ဆည်မြောင်း**

**အသက်(၈၁)နှစ်**

၂၈-၄-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးကူးပြောင်းသွားသော အနန္တ ကျေးဇူးရှင် မိခင်ကြီးအားရည်စူး၍ ၂၈-၅-၂၀၂၁ရက်(သောကြာနေ့) နံနက် ၅:၃၀နာရီတွင် အမှတ်(၂၁/၈.A)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများလှူဒါန်း ခြင်းနှင့် ဖားအောက်တောရတိုက်ခွဲ၊ လှည်းကူးမြို့မှ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ပြီး ရေစက်သွန်းချအမျှပေးဝေမည် ဖြစ်ပါသောကြောင့် တရားတော်နာကြွရောက်၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေရာ** - ဖားအောက်တောရရိပ်သာခွဲ၊ လှည်းကူးမြို့
**အချိန်** - နံနက် ၉:၃၀-၁၁:၃၀

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ဝင်း(ရဲမှူး-ငြိမ်း)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၂၈/ဂ) A-2နေ (ဦးအရှိန်-ဒေါ်ထားကြွေ)တို့၏ သား၊ ဦးအကျွန်း-ဒေါ်ကျော့ကျော့၊ ဒေါ်မူခင်-ဦးအောင်ခင်၊ ဦးတင်မောင်ဝင်း-ဒေါ်တင်တင်မြ၊ ဒေါ်တင်တင်မြင့်၊ ဒေါ်ဝင်းကြည်-ဦးသောင်းထွန်းတို့၏ညီ/မောင်၊ (ဒေါ်ခင်ဌေး)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထင်လင်း-မနှင်းဝတ်ရည်လွင်၊ မအိ၊ ကိုကျော်စိုးလင်း၊ ကိုကျော်စိုးဝင်းတို့၏ဖခင်သည် ၂၅-၅-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းဝင်း

**မြန်မာ့ဆိပ်ကမ်းကော်ပိုရေးရှင်း(ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၅)၊ အခန်း(၁)၊ ရန်ကင်းလမ်းသွယ်(၄) နေ (ဦးဘစော-ဒေါ်နွဲ့)တို့၏သား၊ (ဦးအေးရှိန် -ဒေါ်ရွှေ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဆွေ(ရန်ကင်းသမဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးမင်းမင်းထွဋ်-ဒေါ်ကေခိုင်ကျော်ရှိန်၊ ဦးမျိုးကျော်ကျော်ထွဋ်-ဒေါ်လင်းလင်းထိုက်ဇော်တို့၏ ချစ်လှစွာသောဖခင်သည် ၂၅-၅-၂၀၂၁ရက် နံနက် ၁၀:၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ခေမာတောင်(၄)လမ်း၊ အမှတ်(၄/၄၁)နေ ဦးဌေးဝင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်၊ သီရိရတနာ(၂)လမ်း၊ တိုက်အမှတ်(၅၃၈၊ ပထမထပ်၊ ခေါင်းရင်းခန်း)၏ပိုင်ရှင် ဖြစ်သူ ဒေါ်ညီညီလှ-MDW ၂၃၉၃၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးဝင်းက ဝယ်ယူရန် သဘောတူပြီး စရန်ငွေအချို့ကို ပေးချေဝယ်ယူ ထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုး (LL.B,DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်လှိုင်ခင်မျိုး(LL.B,DBL)** | **ဒေါ်နှင်းသီရိ(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**တိုက်(၂၂၂)၊ အခန်း(၅၀၁၊ ၅၀၂)၊ (၅)ရပ်ကွက်၊ စံပယ်မာဃလမ်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၆၃၇၉၇၉၉၊ ၀၉-၄၃၀၂၁၂၉၀**

# ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြား

ရန်ကုန် မေ ၂၅

ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ဥဒ္ဒိသစေတီတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင်များ ကျင်းပခြင်း၊ ဘုရားကျောင်းကန်များသို့ သွား၍ ဒါန၊ သီလ၊ ဘာဝနာပြုခြင်းများဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံဆိုသည့် စကားနှင့်အညီ ကဆုန်လပြည့်(ဗုဒ္ဓနေ့) သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူး နေ့မြတ်ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရား၊ စေတီများ၌ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ဥပုသ်၊ သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ❍



ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ဆိုင်ကလုန်မုန်တိုင်း "ယာစ်" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် မေ ၂၅

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလာခဲ့ပြီး ပိုမိုအားကောင်းလာကာ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" သည် မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၂၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ် (Paradip)မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၉၀ ခန့်နှင့်

စာမျက်နှာ ၇ ကော်လံ ၁ ❖

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲကျင်းပမည့်ရက် ပြန်လည်အတည်ပြုမည်

ရန်ကုန် မေ ၂၅

မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီး ခြေစစ်ပွဲကျင်းပမည့်ရက် ပြန်လည်အတည်ပြုသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးအသင်းသည် ယခုနှစ်တွင် ယင်းခြေစစ်ပွဲများအပြင် အာဆီယံပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် ကာလအပေါ် မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအသင်းများသည် ပြီးခဲ့သည့်နှစ်ကတည်းက လေ့ကျင့်ပြင်ဆင်ရန် စီစဉ်ထားသော်လည်း ကပ်ရောဂါအခြေအနေကြောင့် မလေ့ကျင့်နိုင်သေးခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို ယခုနှစ်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ ●

## ယခုနှစ်နွေရာသီတွင် ကျင်းပမည့် ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် စပိန်ကစားသမားစာရင်းမှ ရာမို့စ် ချန်လှပ်ခံရ




ဆာဂျီယိုရာမို့စ်သည် နည်းပြ လူးဝစ် အင်းနရစ်၏ ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။ အသက် ၃၅ နှစ်အရွယ် ဗဟိုခံစစ်ကစားသမား ရာမို့စ်သည် ရီးရဲမက်ဒရစ်အသင်းအတွက် မတ်လနောက်ပိုင်း ဒဏ်ရာကြောင့် တစ်ပွဲသာ ကစားထားရသေးကြောင်း သိရသည်။ အင်းနရစ်အနေဖြင့် ရာမို့စ်ကို ချန်လှပ်ခဲ့သောကြောင့် ယခုနှစ်ရာသီတွင် ကျင်းပမည့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းမှ ကစားသမားတစ်ဦးမျှ ရွေးချယ်မခံခဲ့ရကြောင်း သိရသည်။

မန်စီးတီးအသင်းမှ ခံစစ်ကစားသမား လာပေါ်တေးသည် ပြင်သစ်နိုင်ငံသားမှ စပိန်နိုင်ငံသားအဖြစ် ဖီဖာက အတည်ပြုလိုက်သောကြောင့် စပိန်အသင်း၏

စာမျက်နှာ ၁၁ ကော်လံ ၅ ✻

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေး

စာ ၁၅

အသုံးချသူ၊ အသုံးချခံနှင့် အပြစ်မဲ့ပြည်သူများ

ဆောင်းပါး စာ ၂၄

အမှတ် (၅၃) အဆန်၊ အမှတ်(၅၄) အစုန် RBE ရထား ကန့်ဘလူ- မန္တလေး- ကန့်ဘလူ ယာယီပြောင်းလဲပြေးဆွဲ




ပြည်တွင်းသတင်း စာ ၂၅